# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၂၅ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်( ၂၃၃)


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် မေ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ယနေ့ မွန်းလွဲပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ✻*


> “ ရာဝတီမြစ်ကိုအခြေခံ၍ မကွေးတိုင်းဒေသကြီးတစ်ခုလုံး၏ စိုက်ပျိုးမွေးမြူရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အလေးထားမှာကြားလို ”

**ယနေ့ ဖတ်စရာ**

**ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းကို မေ ၂၆ ရက်နှင့် အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်း မေ ၃၀ ရက်တွင် ထုတ်ပြန်မည်**


ပြည်တွင်းသတင်း စာ ၂


**ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့**


ဆောင်းပါး စာ ၁၆










နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ်သိန်း ၂၈၀၀ နှင့် စာအုပ်၊ စာစောင် ၅၅၀၀ တို့ကို လွှဲအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူစဉ်။

❒ **မကွေးတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များသည် ကမ္ဘာ့အပူဆုံးမြို့များစာရင်းအတွင်း၌ ပါဝင်သည်ကို တွေ့ရ၊ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာတစ်ရွာချင်းစီအလိုက် သစ်တောသစ်ပင်အနည်းဆုံး ၂ ဧက စိုက်ပျိုးခြင်းများကို ဆောင်ရွက်နိုင်ရန်လို၊ အိမ်ဝင်း၊ လမ်းဘေးများတွင်လည်း စိုက်ရန်လို**

❊ *ရှော့ဖိုးမှ*

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာ ချာလီသန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် လိုအပ်ချက်များအား အသီးသီးတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်များထုတ်လုပ်နိုင်မှု၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေများနှင့်ပညာရေးဆိုင်ရာအချက်အလက်များ၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်မှု၊ တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) များအား ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှု၊ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် သီးထပ်စွမ်းအားများ တိုးတက်စေ ရေး၊ ဝါသီးနှံနှင့် ဆီထွက်သီးနှံအောင်မြင်ဖြစ်ထွန်းမှုရှိစေရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ယခုထက်ပိုမိုအောင်မြင်ဖြစ်ထွန်းစေရေး ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးအသိပညာတိုးပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အလိုက် မြေအသုံးချနိုင်မှုအခြေအနေများနှင့် သီးနှံအလိုက် စိုက်ပျိုးမှု၊ ထွက်ရှိမှုစာရင်းများ တိကျမှန်ကန်စွာ သိရှိနိုင်ရေး ကွင်းဆင်းကောက်ယူနိုင်မှု၊ တိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် တိုင်းဒေသကြီးအဆင့်၊ ဦးစီးဌာနအလိုက် လိုအပ်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

**ပြန်လည်ဖြည့်စွက်ရှင်းလင်း**

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီတို့က သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပြန်လည်ရှင်းလင်းပြောကြားရာ၌ တင်ပြချက်များတွင် ပါဝင်သည့် တိုင်းဒေသကြီးအဆင့်၊ ဦးစီးဌာနအလိုက် လိုအပ်ချက်များကို သတ်မှတ်ချက်များနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့အဝန်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် အထူးဇုန်များသတ်မှတ်၍ သစ်တောစိုက်ခင်းများကို အထူးစီမံချက်များဖြင့် စိုက်ပျိုးဆောင်ရွက်သွားမည့် အခြေအနေများကို အသီးသီးရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍ ဖြည့်စွက်ပြောကြားရာတွင် မကွေးတိုင်းဒေသကြီးသည် အပူပိုင်းဇုန်တွင်ပါဝင်ပြီး ယခုနှစ်တွင် ရာသီဥတုသည် သိသိသာသာပိုမိုပူပြင်းလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များသည် ကမ္ဘာ့အပူဆုံးမြို့များ စာရင်းအတွင်း၌ပါဝင်သည်ကို တွေ့ရကြောင်း၊ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာတစ်ရွာချင်းစီအလိုက် သစ်တောသစ်ပင်အနည်းဆုံး ၂ ဧက စိုက်ပျိုးခြင်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အိမ်ဝင်း၊ လမ်းဘေးများတွင်လည်း စိုက်ရန်လိုကြောင်း၊ မြို့၊ ရွာများအလိုက် သစ်တောသစ်ပင်စိုက်ပျိုးရန်မြေနေရာများကို စိစစ်ဖော်ထုတ်ရန်လိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုတည်းသာမက အခြားဝန်ကြီးဌာနများနှင့် ဒေသခံပြည်သူလူထုတို့ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာလျှင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် အပူဒဏ်လျှော့ချရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရာသီဥတုပြင်းထန်သည့်ကာလများ၌ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးအားနည်းသူများအနေဖြင့် အပူဒဏ်ရှောင်နိုင်ရေးအတွက် အပူဒဏ်ကိုခံနိုင်မည့် အဆောက်အဦများ ဆောက်လုပ်ဆောင်ရွက်နိုင်ကြောင်း၊ ဥပမာအားဖြင့် လူဦးရေအများအပြားဝင်ရောက်နိုင်ပြီး အေးချမ်းစွာခေတ္တနားခိုနိုင်မည့် အတွင်းလိုဏ်ပါစေတီပုထိုးများ တည်ထားကိုးကွယ်ခြင်းအားဖြင့် ကုသိုလ်လည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ နေရောင်ခြည်ကို အသုံးချ၍ ဆိုလာစွမ်းအင်သုံး လေအေးပေးစနစ်များ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ဆောက်လုပ်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မင်းဘူးမြို့ ကျက်သရေဆောင် ရှင်ပင်စက္ကိန်းတဲစေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။

*စာမျက်နှာ ၃ မှ*
တပ်ဆင်ခြင်းဖြင့်လည်း အပူဒဏ်ကို ကျော်လွှားနိုင်မည်ဖြစ်သဖြင့် စဉ်းစားဆောင်ရွက်သင့်ကြောင်း ပြောကြားသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားရန်နှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မူဝါဒများကို ရှင်းလင်းပြောကြားနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာလျှင် နိုင်ငံရေးနှင့် ကာကွယ်ရေးမောင်းနှင်အားများလည်း ကောင်းလာနိုင်မည်ဖြစ်ကြောင်း။

မကွေးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာရှိပြီး ဝါ၊ မြေပဲနှင့် နှမ်းတို့ကို အဓိကထားစိုက်ပျိုးကြသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် သီးထပ်စွမ်းအားနှင့် သီးညှပ်စွမ်းအားဟူ၍ရှိကြောင်း၊ သီးထပ်စွမ်းအားသည် စိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုတိုးတက်စေကြောင်း၊ စပါးစိုက်ပျိုးသည့် လယ်မြေများ၌ သီးထပ်စွမ်းအားများကို မြှင့်တင်နိုင်အောင်ဆောင်ရွက်ကြရန်လိုပြီး အထွက်နှုန်း တိုးတက်စေရေးအတွက်လည်း စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များ လိုအပ်ကြောင်း၊ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လိုကြောင်း၊ စိုက်ပျိုးမြေများ ရေရရှိရေးအတွက်ရှိပြီးဖြစ်သည့် ဧရာဝတီမြစ်ကိုလည်း စနစ်တကျဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ရာ၌ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဒေသအလိုက်ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက မကွေးတိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် ဧရာဝတီမြစ်ဘေးနေရာများ၌ရှိရာ ဧရာဝတီမြစ်ရေကိုအခြေခံသည့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းနှင့်ပတ်သက်၍လည်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရန်လိုအပ်မှုများ ရှိနေဆဲဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည် ဆိုပါက မကွေးတိုင်းဒေသကြီးအနေဖြင့် ဆီထွက်သီးနှံမှရရှိသည့် ဝင်ငွေများစွာရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ဝါသီးနှံစိုက်ပျိုးမှုနှင့် ပတ်သက်၍လည်း အားပေးဆောင်ရွက်ကြရန်လိုပြီး ဝါထွက်ကုန်ကိုအခြေခံသည့် စက်မှုလုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးသီးနှံကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သီးနှံများစိုက်ပျိုးမှုကို Crop Pattern ဖြင့် ဆောင်ရွက်နိုင်သဖြင့် တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍လည်း မကွေးတိုင်းဒေသကြီးအတွင်း အောင်မြင်ဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးကိုလည်း ဆောင်ရွက်နိုင်ပြီး မကွေးတိုင်းဒေသကြီးအတွင်း မွေးမြူသည့် ထိန်စန်းဆိတ်မျိုးသည် အသားထွက်နှုန်းကောင်းမွန်သည်ကိုတွေ့ရကြောင်း၊ ဥစားကြက်၊ အသားစားကြက်၊ ဝက်၊ နွား မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

**ပညာရည်မြင့်မားရေးနှင့် အသိပညာပေါကြွယ်ဝစေရေး**

မကွေးတိုင်းဒေသကြီးအတွင်း တန်းစဉ်ကူးပြောင်းမှုများအားနည်းပြီး အတန်းပညာတတ်မြောက်မှုများ အားနည်းနေသေးသည်ကို တွေ့ရှိရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေမှုများမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ဒေသ၏ အနာဂတ်ကောင်းမွန်စေရေးအတွက် ပညာရေးကို အလေးပေးဆောင်ရွက်ကြစေလိုပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပညာရေးသည်လည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အာဃာတတရားများ၊ အငြိုးအတေးများမရှိစေရေးအတွက် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာသင်ကြားရေးအတွက်လည်း *စာမျက်နှာ ၅ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ခန်းမဆောင်၌ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်နိုင်ဦးက သာသနာ့ဗိမာန်ဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မကွေးမြို့ကျက်သရေဆောင် မြသလွန်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြစဉ်။

*စာမျက်နှာ ၄ မှ*

အားပေးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်နေပြည်သူများ၏ ဘဝတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက် ပေးလျက်ရှိခြင်းသည် ဒေသအလိုက်၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာဖြစ်သဖြင့် ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ကလေးငယ်များ၏ အနာဂတ်ကောင်းမွန်ရေးအတွက် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်ကြရန်လိုပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အသိပညာ၊ အတတ်ပညာများ ကြွယ်ဝသည့် ပညာတတ်များပေါ်ကြွယ်ဝမှသာလျှင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အသိပညာအားနည်းပါက ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကျောင်းနေပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာများ တိုးပွားစေရေးအတွက်လည်း နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိပြီး ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်မှုသည်လည်း အဓိကကျကြောင်း၊ အနည်းဆုံး အလယ်တန်းကျောင်းများအားလုံး၊ ကျေးရွာအုပ်စုများအားလုံး၌ စာကြည့်တိုက်ထားရှိနိုင်ရေး မူဝါဒချမှတ်ပေးထားပြီး တတ်နိုင်သူများအနေဖြင့်လည်း ဝိုင်းဝန်းကူညီပံ့ပိုးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**ဒေသနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး**

ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေးစနစ်ကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ထိန်းကျောင်း၍ အသိတရား၊ သတိတရားများဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်မှသာလျှင် ဒေသအလိုက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကာကွယ်ရန် တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းကထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အာဏာတည်စေခဲ့ပြီးဖြစ်ကြောင်း၊ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ပြီး လက်ရှိတွင် စတင်လည်ပတ်နေပြီဖြစ်ကြောင်း၊ သတ်မှတ်အသက်အရွယ် အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့်အင်အားကိုသာ သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်ရန်ဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူ့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းဥပဒေနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့်ဥပဒေကို သေချာစွာလေ့လာခြင်းမရှိဘဲ အခြေအမြစ်မရှိသည့် သတင်းမှားများ၊ ထင်မြင်သုံးသပ်ချက်များအပေါ်တွင် အခြေခံ၍ သွေးထိုးလှုံ့ဆော်နေသည်များ ရှိသည့်အတွက် ဌာနဆိုင်ရာများအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ မိမိတို့ကိုယ်တိုင်သိရှိနားလည်ရန်လိုအပ်ပြီး ပြည်သူများ အသိအမြင်မှန်များရရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြသလွန်စေတီတော်မြတ်ကြီး၌ ဘက်စုံအလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်တစ်ဦးက လက်ခံရယူစဉ်။

အချုပ်အားဖြင့်ဆိုရပါက မကွေးတိုင်းဒေသကြီးအနေဖြင့် ဧရာဝတီမြစ်ကိုအခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် စီမံချက်ကိုကြိုးပမ်းဆောင်ရွက်ကြစေလိုပြီး ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်စေရေး ရှိပြီးသားအခြေခံကောင်းများကို အသုံးချ၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် အားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ်သိန်း ၂၈၀၀ နှင့် စာအုပ်၊ စာစောင် ၅၅၀၀ တို့ကို လွှဲအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

**မင်းဘူးမြို့၊ သာသနာ့ဗိမာန်တော်ဆောက်လုပ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် အဖွဲ့ဝင်များလိုက်ပါ၍ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် သာသနာ့ဗိမာန်တော်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဗိမာန်တော်အပေါ်ထပ်ရှိ ခန်းမဆောင်၌ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဇော်နိုင်ဦးက သာသနာ့ဗိမာန်ဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မင်းဘူးမြို့ ကျက်သရေဆောင် ရှင်ပင်စက္ကိန်းတဲစေတီတော်သို့ ရောက်ရှိဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်းကပ်လှူပူဇော်သည်။ ယင်းနောက် စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းကာ လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မကွေးမြို့ ကျက်သရေဆောင် မြသလွန်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းကပ်လှူ ပူဇော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုခဲ့ကြပြီး မြသလွန်စေတီတော်မြတ်ကြီး သတ္တမအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ ၂၀၂၄ ခုနှစ် နွေရာသီကာလတွင်လည်း အယ်လ်နီညိုရာသီဥတုအခြေအနေသက်ရောက်မှုကြောင့် ကမ္ဘာနှင့်အဝန်း ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ချော်ရည်ပူများစီးဆင်းခြင်း၊ စိုက်ဆင်းလေပြင်းကျရောက်ခြင်း၊ ရေကြီးရေလွှမ်းမိုးမှုနှင့် မိုးသီးကျခြင်းများဖြစ်ပေါ်ခဲ့ပြီး ကမ္ဘာ့အပူချိန်အမြင့်ဆုံး (၁၅)မြို့စာရင်းတွင် မြန်မာနိုင်ငံက ချောက်၊ မကွေး၊ မင်းဘူး၊ ညောင်ဦး စသည့်မြို့များပါရှိသည်ကို ထုတ်ပြန်ချက်များအရ တွေ့ရ

❖ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တရားဝင်ထုတ်ပြန်ချက်များအရ ၂၀၂၄ ခုနှစ် မေလအလယ်ထိ မိုးလေဝသတိုင်းထွာရေးစခန်းပေါင်း (၃၀)ခန့်တွင် တိုင်းတာခဲ့ရာ စုစုပေါင်းအကြိမ်(၅၀)ခန့် အပူချိန်စံချိန်သစ်များ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရပြီး အပူချိန်မြင့်မားမှုကြောင့် ဒေသအချို့တွင် အပူပျံ့တက်တိမ်များမှတစ်ဆင့် မိုးတိမ်တောင်များဖြစ်ပေါ်ခဲ့ပြီး စိုက်ဆင်းလေပြင်းများ ကျရောက်ခြင်းကြောင့် လေယာဉ်ခရီးစဉ်များတွင် အနှောင့်အယှက်များစွာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရ

❒ *ကျောဖုံးမှ*

တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ရည်ရွယ်ချက် ၄ ရပ်ဖြင့် ကျင်းပ**

ဦးစွာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးကို ရည်ရွယ်ချက် ၄ ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင်ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)တွင် သဘာဝလွန်ဖြစ်ပေါ်လာသည့် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးတွင် ဆွေးနွေးခဲ့ပါကြောင်း၊ ယင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ပထမအချက်အနေဖြင့် ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များအကြား ကြိုတင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ စတုတ္ထအချက်အနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ရန်ပုံငွေ ရရှိ/ သုံးစွဲ/ လက်ကျန်စာရင်း အတည်ပြုချက်ရယူရန်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **"သဘာဝလွန်ဖြစ်ပေါ်လာသည့် ရာသီဥတုဖောက်ပြန်မှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး မိမိတို့နိုင်ငံတွင် အလားတူမဖြစ်အောင် မည်သို့ကာကွယ်တားဆီးရမည်ဆိုသည်ကို စဉ်းစားပြီး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ကြရန်"** ဟု လမ်းညွှန်မှာကြားခဲ့ကြောင်း။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်တွင်လည်း **"ကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ အဆင့်ဆင့်သော လုပ်ငန်းများအနက် အရေးကြီးသောလုပ်ငန်းများအား မူဝါဒပေးခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်ချက်များကို ပြန်လည်ဖြည့်စွက် လမ်းညွှန်ခြင်း"** ဆိုသည့် လုပ်ငန်းတာဝန်တစ်ရပ် အဖြစ်ပါရှိကြောင်း။

**၂၀၂၃-၂၀၂၄ ကာလအတွင်း ရာသီဥတုဖောက်ပြန်မှုများပို၍ ဖြစ်ပေါ်သည်ကို တွေ့ရ**

ထို့ကြောင့် ပြီးခဲ့သည့်ကာလများတွင် ဆောင်ရွက်ခဲ့သည့် ကိစ္စများအပေါ် အားသာချက်၊ အားနည်းချက်များ ရယူပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ကြည့်ရမည်ဆိုပါက ၂၀၂၃-၂၀၂၄ ကာလအတွင်း လူကြောင့်ဖြစ်သည်များ ရှိသော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ရာသီဥတုဖောက်ပြန်မှုများပို၍ ဖြစ်ပေါ်သည်ကို တွေ့ရကြောင်း။

မိမိတို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် လတ်တလောအနေဖြင့် အယ်လ်နီညိုနှင့် လာနီညာဆိုသည့် အစွန်းရောက် ရာသီဥတုဖြစ်စဉ်များ၏ သက်ရောက်မှုကို တွေ့ကြုံခံစားနေရသည့် အနေအထားရှိကြောင်း၊ အယ်လ်နီညို၊ လာနီညာတို့သည် ပုံမှန်ရာသီဥတုဖြစ်စဉ်များကို ဖောက်လွဲ၊ ဖောက်ပြန်ဖြစ်စေသည့် သဘာဝဖြစ်ရပ်များဖြစ်ကြပြီး ပစိဖိတ်သမုဒ္ဒရာ အရှေ့ဘက်ကမ်းခြေဒေသများ၏ ရာသီဥတုကိုသာမက အာရှတိုက်တောင်ပိုင်း ကမ်းခြေဒေသများသို့တိုင် ဆက်စပ်ပြီး အစွန်းရောက်ရာသီဥတု အခြေအနေများကို ဖြစ်ပေါ်စေနိုင်သည်ဟု ပညာရှင်များက ပြောကြားထားသည်ကို တွေ့ရှိရကြောင်း။

**ကမ္ဘာ့ပျမ်းမျှအပူချိန်သည် တစ်နှစ်ထက် တစ်နှစ် ပိုပြီးမြင့်တက်လျက်ရှိ**

ကမ္ဘာကြီးပူနွေးလာမှု (Global Warming)ကြောင့် (၁၈၅၀-၁၉၀၀ ပြည့်နှစ်) ကာလ၏ ကမ္ဘာ့ပျမ်းမျှအပူချိန်နှင့် လက်ရှိကာလ နှိုင်းယှဉ်ကြည့်ပါက ကမ္ဘာ့ပျမ်းမျှအပူချိန်သည် တစ်နှစ်ထက်တစ်နှစ် ပိုပြီးမြင့်တက်လျက်ရှိပြီး အယ်လ်နီညိုဖြစ်စဉ်များကြောင့် ကမ္ဘာကြီးပူနွေးလာမှုအပေါ် ဆင့်ကဲလွှမ်းမိုးမှုမှတစ်ဆင့် နှစ်စဉ်အပူချိန်မြင့်မားစွာ ခံစားနေရကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် ၂၀၂၃ ခုနှစ် မေလမှစတင်ကာ အားအနည်းငယ်ရှိသည့် အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်ခဲ့ပြီး ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် အားအသင့်အတင့်သို့လည်းကောင်း၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ အားကောင်းသော အခြေအနေသို့ ရောက်ရှိခဲ့သည့်ဖြစ်စဉ်ကို တွေ့ရကြောင်း၊ ၂၀၂၄ခုနှစ် မေလအထိ အားအနည်းငယ်ရှိသော အခြေအနေသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ဇွန်လမှ အောက်တိုဘာလတို့တွင် ပုံမှန်ရာသီဥတု အခြေအနေသို့ ရောက်ရှိသွားမည်ဟု ကမ္ဘာ့ရာသီဥတုစောင့်ကြည့်ရေးအဖွဲ့က ခန့်မှန်းထားကြောင်း။

**အယ်လ်နီညိုရာသီဥတု သက်ရောက်မှုကြောင့် ရေလွှမ်းမှုများ ကမ္ဘာနှင့်အဝန်း ခံစားနေရ**

အဆိုပါ အယ်လ်နီညိုရာသီဥတု အခြေအနေ၏ သက်ရောက်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ၂၀၂၃ ခုနှစ် အတွင်း အားအလွန့်အလွန်ကောင်းသော မုန်တိုင်းများတိုက်ခတ်ခြင်း၊ လေတိုက်နှုန်းပြင်းထန်မှုနှင့် လေထုဖိအားကျဆင်းမှုများမှာ စံချိန်တင်ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ခြင်း၊ အင်အားပြင်းထန်သော လေပြင်းကြီးများလှုပ်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေလွှမ်းမှုများဖြစ်ပေါ်ခြင်းများကို ကမ္ဘာနှင့်အဝန်း ခံစားနေရသည်ကို တွေ့ရကြောင်း။

ယင်းဖြစ်စဉ်နှင့်အတူ ကမ္ဘာ့ရေခဲတောင်ဒေသများတွင်လည်း ရေခဲတောင်များ အရည်ပျော်ခြင်း၊ ဆီးနှင်းများ ထူထပ်စွာကျဆင်းခြင်း စသည့်ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင် အားအလွန့်အလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်ခဲ့ခြင်း၊ စိုက်ဆင်းလေပြင်းများ တိုက်ခတ်ခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း။

**ကမ္ဘာ့အပူချိန်အမြင့်ဆုံး(၁၅)မြို့တွင် မြန်မာနိုင်ငံက မြို့များပါရှိ**

ထို့ပြင် ၂၀၂၄ ခုနှစ် နွေရာသီကာလတွင်လည်း အယ်လ်နီညိုရာသီဥတု အခြေအနေသက်ရောက်မှုကြောင့် ကမ္ဘာနှင့်အဝန်း ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ချော်ရည်ပူများစီးဆင်းခြင်း၊ စိုက်ဆင်းလေပြင်းကျရောက်ခြင်း၊ ရေကြီးရေလွှမ်းမိုးမှုနှင့် မိုးသီးကျခြင်းများဖြစ်ပေါ်ခဲ့ပြီး ကမ္ဘာ့အပူချိန်အမြင့်ဆုံး (၁၅)မြို့ စာရင်းတွင် မြန်မာနိုင်ငံက ချောက်၊ မကွေး၊ မင်းဘူး၊ ညောင်ဦး စသည့်မြို့များပါရှိသည်ကို ထုတ်ပြန်ချက်များအရ တွေ့ရကြောင်း။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တရားဝင်ထုတ်ပြန်ချက်များအရ ၂၀၂၄ ခုနှစ် မေလအလယ်ထိ မိုးလေဝသ တိုင်းထွာရေးစခန်းပေါင်း (၃၀)ခန့်တွင် တိုင်းတာခဲ့ရာ စုစုပေါင်းအကြိမ်(၅၀)ခန့် အပူချိန်စံချိန်သစ်များ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရပြီး အပူချိန်မြင့်မားမှုကြောင့် ဒေသအချို့တွင် အပူပျံ့တက်တိမ်များမှတစ်ဆင့် မိုးတိမ်တောင်များဖြစ်ပေါ်ခဲ့ပြီး စိုက်ဆင်းလေပြင်းများ ကျရောက်ခြင်းကြောင့် လေယာဉ်ခရီးစဉ်များတွင် အနှောင့်အယှက်များစွာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း။

**မုန်တိုင်းဝင်ရောက်မှု မရှိသော်လည်း စဉ်ဆက်မပြတ် သတိပေးခြင်းပြုလုပ်ရန် လိုအပ်**

အာဆီယံဒေသအတွင်းတွင် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ AHA Center မှ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ဇန်နဝါရီလမှ မေလအထိ နှိုင်းယှဉ်ချက်များကို ပြုစုထားရာတွင် ၂၀၂၃ ခုနှစ်အတွင်း မြေငလျင်လှုပ်ရှားမှု၊ ရေကြီးရေလွှမ်းမိုးမှု၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲမှု စုစုပေါင်း ၈၂၉ ကြိမ် ဖြစ်ပွားခဲ့ပြီး ၂၀၂၄ ဇန်နဝါရီလမှ မေလအထိ (၅)လတာ ကာလအတွင်း ၅၃၉ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းနှိုင်းယှဉ်ချက်များကို ကြည့်မည်ဆိုပါက သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြိမ်နှုန်းများ ပိုမိုများပြားလာသည်ကို တွေ့ရှိရကြောင်း၊ ဘေးသင့်အန္တရာယ် ဖြစ်ပွားမှုကြောင့် ထိခိုက်ဆုံးရှုံးမှုမှာ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၄ သန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ဇန်နဝါရီလမှ မေလအထိ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ သန်း ပျက်စီးဆုံးရှုံးသည်ကို တွေ့ရကြောင်း၊ သဘာဝလွန်ဘေးအန္တရာယ်ဆိုင်ရာ နှိုင်းယှဉ်ဇယားအရ ဆိုးကျိုးအဖြစ်ဆုံးမှာ ရေဘေးအန္တရာယ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မကြာမီတွင် မိုးရာသီကို ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုသည့်အပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကြိုတင်ခန့်မှန်းလျက် အဝါရောင်အဆင့် သတ်မှတ်ထုတ်ပြန်ထားသည့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းမှ အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပြောင်းလဲလျက် မေလ ၂၆ ရက် ပတ်ဝန်းကျင်တွင် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဝင်ရောက်နိုင်မှု၊ မုန်တိုင်းအရှိန်ကြောင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအပါအဝင် ကမ်းရိုးတန်းဒေသတစ်လျှောက် မုန်တိုင်းအန္တရာယ် သတိပေးချက်များလည်း ရှိနေပါကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များကလည်း ကြိုတင်သတိပေးမှု ၊ လိုအပ်သည့် ပြင်ဆင်မှုအချို့နှင့် ဇာတ်တိုက်လေ့ကျင့်မှုတို့ကိုလည်း မိုခါမုန်တိုင်းနည်းတူ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မုန်တိုင်းဝင်ရောက်မှု မရှိသော်လည်း မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းကြီးနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသတစ်လျှောက် မိုးကြီးခြင်း၊ လေပြင်းကျရောက်ခြင်းနှင့် နောက်ဆက်တွဲ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်လာနိုင်သည်ကိုလည်း ကြိုတင်သုံးသပ်လျက် ပြင်ဆင်ခြင်း၊ ဒေသခံများအား စဉ်ဆက်မပြတ် သတိပေးခြင်း ပြုလုပ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာနှင့်အဝန်း ကြီးကျယ်စွာ တောမီးလောင်ကျွမ်းမှုအနေဖြင့် ဂါနာနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် ဖြစ်ပွားခဲ့ကြောင်း၊ ဂရိနိုင်ငံဒါဒီယာ အမျိုးသားဥယျာဉ်၏ မြေဟတ်တာ ၁၇၅၀၀၀ အကျယ်မှာ တောမီးအကြီးအကျယ် လောင်ကျွမ်းမှုများကြောင့် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပွားခဲ့ကြောင်း၊ ရေကြီးရေလျှံမှုဖြစ်စဉ်အနေဖြင့် ၂၀၂၃ ခုနှစ် မေလတွင် ကွန်ဂို၊ ချီလီ၊ ကယ်လီဖိုးနီးယား၊ ဘရာဇီးနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့်အတွက် လူဦးရေသိန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ပွားခဲ့ရပါကြောင်း၊ မြေငလျင်လှုပ်ခတ်မှုအနေဖြင့် တူကီယဲနှင့် ဆီးရီးယားနယ်စပ်တွင် ရစ်ချ်တာစကေး ၇ ဒသမ ၈ လှုပ်ခတ်ခဲ့မှုကြောင့် များစွာပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုအနေဖြင့် ဂရိ၊ တူကီယဲ၊ လစ်ဗျား စသည့်နိုင်ငံတို့တွင် ဖြစ်ပေါ်ခဲ့ကြောင်း။

**မိုခါမုန်တိုင်းအန္တရာယ်ကို ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်ခဲ့**

မြန်မာနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေလတွင် မိုခါမုန်တိုင်း တိုက်ခတ်မှုဖြစ်စဉ်အပေါ် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဦးဆောင်လမ်းညွှန်မှု၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ကြိုတင်ပြင်ဆင်မှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခဲ့ခြင်း၊ ဖြစ်စဉ်ဖြစ်ပွားစဉ်တွင် ဝန်ထမ်းအားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် မိုခါမုန်တိုင်းအန္တရာယ်ကို အချိန်တိုအတွင်း ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကို မည်သူမျှတားဆီး၍ မရသည့်အတွက် မိုခါမုန်တိုင်း အပါအဝင် ယခင်ဖြစ်ပွားခဲ့သည့် အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဖြစ်ပွားချိန်တွင် အရေးပေါ်ကူညီကယ်ဆယ်ရေးနှင့် တုံ့ပြန်မှုဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်လုပ်ငန်းစဉ်များအလိုက် လျင်မြန်စွာဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်က ကျင်းပခဲ့သည့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၂၂) အစည်းအဝေးတွင်အတည်ပြုထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တည်မြဲအမိန့်(၂၀၂၂) သည် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ အဆိုပါတည်မြဲအမိန့်နှင့်ပတ်သက်၍ အချို့ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးတို့မှ ပြုစုတင်ပြရန် ယခုအထိကျန်ရှိနေသည်ကို တွေ့ရပါကြောင်း၊ သို့ဖြစ်၍ မိမိတို့သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ ထုတ်ဝေပြီးဖြစ်သည့် ၂၀၂၂ ခုနှစ်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တည်မြဲအမိန့်(၂၀၂၂)အပေါ် အခြေခံလျက် အမြန်ဆုံးရေးဆွဲပြုစု၍တင်ပြရန် တိုက်တွန်းပါကြောင်း။

> ❍ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာနှင့်အဝန်း ကြီးကျယ်စွာတောမီးလောင်ကျွမ်းမှုအနေဖြင့် ဂါနာနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် ဖြစ်ပွားခဲ့၊ ဂရိနိုင်ငံ ဒါဒီယာအမျိုးသားဥယျာဉ်၏ မြေဟတ်တာ ၁၇၅၀၀၀ အကျယ်မှာ တောမီးအကြီးအကျယ် လောင်ကျွမ်းမှုများကြောင့် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပွားခဲ့၊ ရေကြီးရေလျှံမှုဖြစ်စဉ်အနေဖြင့် ၂၀၂၃ ခုနှစ် မေလတွင် ကွန်ဂို၊ ချီလီ၊ ကယ်လီဖိုးနီးယား၊ ဘရာဇီးနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့်အတွက် လူဦးရေသိန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ပွားခဲ့ရ၊ မြေငလျင်လှုပ်ခတ်မှုအနေဖြင့် တူကီယဲနှင့် ဆီးရီးယားနယ်စပ်တွင် ရစ်ချ်တာစကေး ၇ ဒသမ ၈ လှုပ်ခတ်ခဲ့မှုကြောင့် များစွာပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့၊ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုအနေဖြင့် ဂရိ၊ တူကီယဲ၊ လစ်ဗျား စသည့် နိုင်ငံတို့တွင် ဖြစ်ပေါ်ခဲ့

သဘာဝဘေးအန္တရာယ်သည် အချိန်အခါမရွေး ကျရောက်နိုင်သည့်အတွက် ဒေသအလိုက်ဆောင်ရွက်ရမည့် တည်မြဲအမိန့်များ လက်ဝယ်ရှိမှသာ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ နောင်ပြောင်းလဲလာမည့် အစိုးရအဆက်ဆက်တွင်လည်း ထုတ်ပြန်ထားသည့် တည်မြဲအမိန့်များအပေါ်လေ့လာပြီး လုပ်ငန်းစဉ်များအား သိရှိဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊

သို့ဖြစ်၍ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် အမြန်ဆုံးရေးဆွဲထားကြရန်လိုကြောင်း။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေသုံးစွဲမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က မူဝါဒချမှတ်ပေးပြီးဖြစ်ကြောင်း၊ အဓိကအားဖြင့် သဘာဝဘေးနှင့် စပ်လျဉ်း၍ ရေကြီးရေလျှံမှုဖြစ်ပွားသည်ဖြစ်စေ၊ လေပြင်းမုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားသည်ဖြစ်စေ၊ ခိုလှုံရန် အဆောက်အဦ၊ ဆိုင်ကလုန်း Shelter များကို ပင်လယ်ကမ်းရိုးတန်းနှင့် လေပြင်းတိုက်ခတ်လေ့ရှိသည့် တောင်ပေါ်ဒေသများတွင် တည်ဆောက်ပေးထားပါကြောင်း၊ ရန်ပုံငွေသုံးစွဲမှုကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စိစစ်တင်ပြခဲ့မှုအပေါ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ပုံငွေမှ ဖြတ်တောက်မှုမရှိဘဲ ချို့ယွင်းချက်မရှိ ခွင့်ပြုပေးထားပါကြောင်း၊ ယင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အနေဖြင့် ပြည်သူများ သဘာဝဘေးအန္တရာယ်မှ အသက်ဆုံးရှုံးမှုမရှိစေရေး ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် အဆောက်အဦများပြီးစီးမှု၊ ရေရှည်ခိုင်ခံ့မှုနှင့် အရည်အသွေးတို့ ကောင်းမွန်ရေးတို့အတွက် ဝါယမစိုက်ထုတ်ပြီး ကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် အကြံပြုဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒေါက်တာစိုးဝင်းတို့က သဘာဝဘေးအန္တရာယ်မကျရောက်မီ အသိပညာပေးခြင်းလုပ်ငန်းစဉ်များနှင့် ကျရောက်လာပါက တုံ့ပြန်ရေး၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ကော်မတီ၏ ရန်ပုံငွေ ရရှိ/သုံးစွဲ/လက်ကျန်စာရင်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေများနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းပိုင်းဆိုင်ရာများနှင့် ဆောင်ရွက်ပြီးစီးမှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် ဆိုင်ကလုန်းမုန်တိုင်းငယ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအစည်းအဝေး (၁/၂၀၂၄) ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြပြီး ကော်မတီ၏ အတည်ပြုချက် ရယူသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## သမဝါယမအသင်းက ပထမဆုံးထုတ်လုပ်သည့် ဗလာစာအုပ် ဒါဇင် ၁၀၀၀ ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ လှူဒါန်း



**မြစ်ကြီးနား မေ ၂၄**

ကချင်ပြည်နယ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဖြိုးဝေဝေ စက္ကူနှင့် စာအုပ်ထုတ်လုပ်ရေး သမဝါယမ အသင်းလီမိတက်က ထုတ်လုပ်နိုင်ခဲ့သည့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀၀ ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ထံ လှူဒါန်းပွဲကို မေ ၂၃ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနောင်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတို့အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှု၊ သမဝါယမဦးစီးဌာန၏ လက်တွဲပူးပေါင်းမှုနှင့် ဖြိုးဝေဝေ စက္ကူစက်ရုံ၏ ကြိုးပမ်းဆောင်ရွက်မှုတို့ဖြင့် နှစ်ဖက်ချောစက္ကူကို အောင်မြင်အောင် ထုတ်လုပ်နိုင်ခဲ့သည့်အပြင် စက်ရုံမှထုတ်လုပ်သည့် ကျောင်းသုံးဗလာစာအုပ်များကို ထုတ်ဝေဖြန့်ချိနိုင်ပြီဖြစ်သည့်အတွက် ပြည်နယ်ကိုယ်စား များစွာဂုဏ်ယူမိကြောင်း၊ ထို့အပြင် ယနေ့ဖြိုးဝေဝေစက္ကူစက်ရုံမှ လှူဒါန်းသည့် နှစ်ဖက်ချောကျောင်းသုံးစာအုပ်များသည် ကျောင်းသားကျောင်းသူများအတွက် အင်မတန် အသုံးဝင်သည်ကို တွေ့ရှိရမည်ဖြစ်သည့်အပြင် ယခုကာလအတွင်း ယာယီတိမ်းရှောင်မိသားစုများ၏ ကလေးများအတွက် ပိုမိုအထောက်အကူပြုမည်ဖြစ်ကြောင်း ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍ ဖြိုးဝေဝေ စက္ကူနှင့် စာအုပ်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ ဦးဘင်ဂျမင်က အသင်းပိုင်စက်ရုံမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှစ်ဖက်ချောစက် ဝယ်ယူတပ်ဆင်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေများ၊ ကျောင်းသုံးဗလာစာအုပ် စတင်ထုတ်လုပ်ခဲ့မှုနှင့် ဒါဇင် ၁၀၀၀ လှူဒါန်းရေး စီစဉ်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး စက်ရုံမှထုတ်လုပ်ခဲ့သည့် နှစ်ဖက်ချော ကျောင်းသုံးဗလာစာအုပ်များကို ပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ မနောရွှေပြည်ခန်းမ၌ ကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်နယ်အစိုးရအဖွဲ့က ယာယီတိမ်းရှောင်များအား ထောက်ပံ့ပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဝိုင်းမော်မြို့နယ်အတွင်း နယ်မြေမတည်ငြိမ်မှုဖြစ်စဉ်များကြောင့် မြစ်ကြီးနားမြို့ ကြက်ပေါင်ခြံရပ်ကွက်အတွင်း လာရောက်ခိုလှုံနေထိုင်လျက်ရှိသည့် အိမ်ထောင်စု ၁၈၇ စု၊ လူဦးရေ ၁၀၀၂ ဦးတို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီက ထောက်ပံ့သည့် ငွေကျပ် ၁၄၀၂၅၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၈၇ အိတ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ် ၂၉၉၂၀၀၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်ဖာများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ မိုးရာသီအကြို လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တာချီလိတ် မေ ၂၄**

တာချီလိတ်ခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနေ့အထိမ်းအမှတ် မိုးရာသီအကြို လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၂၃ ရက်က တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကွန်းစိုက်ခင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နယ်မြေခံတပ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီး သူရဇော်လွင်စိုး၊ ခရိုင် သစ်တောဦးစီးမှူး ဦးအောင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်နှင့် တာဝန်ရှိသူများက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူများက ကျွန်းပင်၊ ပိတောက်ပင်၊ ပျဉ်းကတိုးပင်၊ မဟော်ဂနီပင်၊ ကံ့ကော်ပင်၊ စိန်ပန်းပြာပင်၊ သံလွင်ပင်၊ ပုန်းညက်ပင်၊ ခရေပင် စသည့် ပျိုးပင်စုစုပေါင်း ၁၂၂၀ ကို စိုက်ပျိုးကြပြီး တာချီလိတ်မြို့နယ်၌ ယခုနှစ် မိုးရာသီအတွင်း ပျိုးပင်ပေါင်း ခုနစ်သောင်းကို ပြည်သူလူထုသို့ ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းမိသားစုများ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၄

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ သားသမီးများ၊ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသား ကျောင်းသူ ၃၅၄၄ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး (ယာပုံ)နှင့်ကျောင်းသုံးဗလာစာအုပ်များပေးအပ်ချီးမြှင့်ရာ တပ်ဖွဲ့၊ ဦးစီးဌာနအလိုက် ကျောင်းသား ကျောင်းသူများက လက်ခံကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ မိသားစုဝင် သားသမီးများဖြစ်ကြသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် မူလတန်း ကျောင်းသား ကျောင်းသူ ၁၇၇၁ ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၇၂၈ ဦး၊ အထက်တန်း



ကျောင်းသား ကျောင်းသူ ၇၁၂ ဦး၊ တက္ကသိုလ်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၃၃၃ ဦး၊ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၅၄၄ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ် ၃၈၁၇၂ အုပ် ငွေကျပ် ၁၃၀၄၈၀၀၀၀ (ကျပ်တစ်ထောင့်သုံးရာလေးသိန်းရှစ်သောင်းတိတိ) တို့ကို ပညာသင်ထောက်ပံ့ကြေး ပထမအကြိမ်အဖြစ် ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နွေရာသီအခြေခံရေကူးသင်တန်းအမှတ်စဉ်(၂/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန နွေရာသီအခြေခံရေကူးသင်တန်း အမှတ်စဉ် (၂/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ရေကူးကန်၌ ကျင်းပသည်။



ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုသင်တန်းကို တက်ရောက်ခဲ့ကြသည့် သင်တန်းသားများအနေဖြင့် ရေကူးအားကစားနည်းကို အရှိန်အဟုန်မြှင့် ဆက်လက်လေ့ကျင့်သွားနိုင်ရန် ဝဏ္ဏသိဒ္ဓိရေကူးအသင်းကို ဖွင့်လှစ်ပေးထားပြီးဖြစ်၍ မိမိတို့အားလပ်ချိန်တွင် လာရောက်ရေကူး လေ့ကျင့်ပြီး ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ရေးအတွက် ဆက်လက်လေ့ကျင့်သွားကြရန်လိုကြောင်း၊ ဝဏ္ဏသိဒ္ဓိရေကူးအသင်းအနေဖြင့် သက်တမ်းအလိုက် ရေကူးပြိုင်ပွဲများ ကျင်းပပေးသွားမည်ဖြစ်ပြီးဝန်ကြီးဌာနကလည်း မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့်ပူးပေါင်းပြီး ကလပ်အသင်းပေါင်းစုံ ရေကူးပြိုင်ပွဲနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲများကိုလည်း ကျင်းပပေးသွားမည့်အပြင် လာမည့် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင်လည်း ရေကူးအားကစားနည်းကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့်လည်း သင်တန်းကရရှိလာမည့် နည်းစနစ်နှင့် ကျွမ်းကျင်မှုများကို အခြေခံပြီး အဆင့်မြင့်အားကစားပညာရပ်များကို ဆက်လက်လေ့လာလိုက်စား၍ ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ရေကူးအားကစားသမားများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အသက် ၁၆ နှစ်အထက် (အမျိုးသား /အမျိုးသမီး) နွေရာသီ ရေကူးသင်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယ ဆုရရှိခဲ့သူများကို တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုများနှင့် သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက အသက် ၁၂ နှစ်အထက် (အမျိုးသား/အမျိုးသမီး) နွေရာသီ ရေကူးသင်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိခဲ့သူများကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် သင်တန်းနည်းပြ ဆရာများအား ချီးမြှင့်ငွေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အသက် ၁၂ နှစ်အောက် (အမျိုးသား/အမျိုးသမီး) နွေရာသီရေကူးသင်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများကို တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ပထမဆုရရှိသည့် သင်တန်းသား သင်တန်းသူများကို ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် အခမဲ့ Member Card များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **သတင်းစဉ်**

# မြို့သစ်မြို့နယ်၌ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဟောပြော

**မြို့သစ် မေ ၂၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သင်တန်းပို့ချခြင်းနှင့် ဆွေးနွေးပွဲကို မြို့သစ်မြို့ စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ မေ ၂၂ ရက်က ပြုလုပ်သည်။



အဆိုပါ သင်တန်းပို့ချမှုတွင် မြို့သစ်မြို့နယ် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဆီထွက်သီးနှံအထူးဇုန်(၁)တာဝန်ခံ မြို့သစ်မြို့နယ် ဦးစီးမှူး၊ နတ်မောက်မြို့နယ်ဦးစီးမှူးနှင့် မကွေးခရိုင် (မြေမျိုးပိုး) တာဝန်ခံများက ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဒေသခံတောင်သူများ စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရေးနှင့် စနစ်တကျစိုက်ပျိုးသွားရန် အသေးစိတ် ရှင်းလင်းပို့ချခဲ့သည်။ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် တောင်သူ ၄၀ နှင့် ဝန်ထမ်း ၁၃ ဦးတို့ကို သင်တန်းပို့ချပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးညဏ်မြင့်ဦးထံမှ သိရသည်။ **ကိုဇော်(ပြန်/ဆက်)**



**ကချင်ပြည်နယ် ဗန်းမော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၄ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ထွန်းတိုး အမှာစကားပြောကြားစဉ်။** ခရိုင်(ပြန်/ဆက်)



# ဥတ္တရသီရိမြို့နယ်၌ နွေစပါးစံပြကွက်ရိတ်သိမ်းပွဲကျင်းပ

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု ဇလောင်းကျေးရွာ၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော နွေစပါးစံပြကွက်ရိတ်သိမ်းပွဲကို ယမန်နေ့နံနက်ပိုင်းက တောင်သူ ဦးထွန်းဝေ၏ ကွင်းအမှတ်(၁၈၈၁) စံပြကွက်စိုက်ခင်း၌ ကျင်းပသည်။

အဆိုပါရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာတင်ထွန်း၊ မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနဲဒို၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးစိုးမိုးအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြပြီး စပါးမျိုးကွဲ (နံ့ကောက်မျိုး) တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းအစို ၁၆၅ ဒသမ ၅ တင်း၊ အခြောက် ၁၃၁ ဒသမ ၁၇ တင်းထွက်ရှိကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E Dr. Md. Monwar Hossain ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၄**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E Dr. Md. Monwar Hossain အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးရှိ ဝန်ထမ်းများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ တွေ့ဆုံဆွေးနွေး



**မန္တလေး မေ ၂၄**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနွမ်၊ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

**စိစစ်ဆောင်ရွက်ပေးလျက်ရှိ**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ တိုင်းရင်းသားရေးရာများကို ဆောင်ရွက်ခြင်းနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာလာစေရေးအတွက် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းတာဝန်များကို နိုင်ငံတော်က ပြဋ္ဌာန်းထားရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့်အညီ စနစ်တကျ မှတ်ပုံတင်နိုင်ရေးကိစ္စနှင့် တိုင်းရင်းသားများအတွက် တိုက်ရိုက်အကျိုးခံစားစေမည့် လုပ်ငန်းများကို နိုင်ငံတော်၏လုံခြုံရေးနှင့် အမျိုးသား အကျိုးစီးပွားတို့ကို မထိခိုက်စေဘဲ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ အဓိကလုပ်ငန်းဖြစ်သည့် တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် တိုင်းရင်းသားအချင်းချင်း (သို့မဟုတ်) တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများထံ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ခွဲဝေအပ်နှင်းထားပြီးဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များအနေဖြင့် မိမိတို့၏ တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံတော်နှင့်တိုင်းရင်းသား၏ အကျိုးစီးပွားကို ရှေးရှု၍ တင်ပြဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနွမ်က မန္တလေးတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ဒေသအတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်း မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို ပြည်ထောင်စု ရန်ပုံငွေမှ တစ်ဖွဲ့လျှင် ထောက်ပံ့ငွေကျပ် ငါးသိန်းစီ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မရမ်းကုန်းမြို့နယ်၌ သစ်တောသစ်ပင်နှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် သစ်တောဦးစီးဌာနက ကျောင်းသား ကျောင်းသူများအား သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အ.ထ.က(၅) ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အ.ထ.က(၅)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ငြိမ်းက အမှာစကားပြောကြား၍ အလုံမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးသူ-၁ က ကျောင်းသားကျောင်းသူများအား သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။



ဆက်လက်၍ အလုံမြို့နယ် မြို့မပျိုးဥယျာဉ်သို့ သွားရောက်ပြီး သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၇ ဦး တက်ရောက်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## ပြင်ဦးလွင်ခရိုင်အတွင်း Pfizer ကိုဗစ်-၁၉ ကာကွယ်ဆေး ထပ်ဆောင်းနှင့်အသစ် ထိုးနှံပေးလျက်ရှိ

**ပြင်ဦးလွင် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ Pfizer ကိုဗစ်-၁၉ ကာကွယ်ဆေး အသစ်နှင့် ထပ်ဆောင်းထိုးနှံခြင်းကို ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ဦးဆောင်၍ မေ၂၃ ရက်မှ ဇွန် ၂၀ ရက်အတွင်း ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ထိုးနှံပေးသွားမည်**

ထိုသို့ Pfizer ကိုဗစ် -၁၉ ကာကွယ်ဆေး ထပ်ဆောင်းနှင့် အသစ် ထိုးနှံပေးရာတွင် အသက် ၁၈နှစ်နှင့်အထက် နိုင်ငံ့ဝန်ထမ်းများ၊ နာတာရှည်ရောဂါခံစားနေရသူများ၊ ကိုယ်ဝန်ဆောင်များနှင့် အသက် ၆၀ နှစ်နှင့်အထက် ပြည်သူစုစုပေါင်း ၁၀၀၀၀ တို့အား ထိုးနှံပေးသွားမည် ဖြစ်ကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



ဖြူလူသစ်(ပြန်/ဆက်)

# အခြေခံပညာသင်ယူဖို့ ကျောင်းသွားကြပါစို့

**“လွယ်အိတ်လေးလွယ် ရောင်စုံပန်းများနှယ် ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင်သွားကြမယ် ... ကျောင်းသို့ကွယ် ညီညီညာညာ တို့တစ်တွေ ကျောင်းသွားကြမယ် x x x လူတော်လူကောင်း ဖြစ်ဖို့ကွယ် နိုင်ငံတော်အတွက် အားထားဖွယ် အသိစိတ်ဓာတ် တာဝန်အပြည့်နဲ့ ကြိုးစားကြရမယ်” သီချင်းလေးကို YouTube မှာ အမှတ်မထင် နားထောင်မိလိုက်စဉ်မှာ ကလေးတွေနားထဲ စွဲစေတဲ့ သံစဉ်နဲ့ အဓိပ္ပာယ်ပါပါ ခပ်တိုတို ရေးစပ်ထားပုံလေးကြောင့် သဘောကျမိပြီး သီချင်းရေးသားသူကို ချီးကျူးကျေးဇူးတင်လိုက်မိတယ်။ ‘ကျောင်းသွားကြမယ်’ သီချင်းကြည့်နေရင်းမှာပဲ ဖုန်းထဲ Message တစ်ခုရောက်လာတာနဲ့ ဖွင့်ကြည့်လိုက်တော့ DBE က ပေးပို့တဲ့ ‘ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာ သင်ယူဖို့ ကျောင်းအပ်နှံကြပါစို့’ ဆိုတဲ့ သတင်းစာသား။**

လင်းနိုင်

ကိုယ်တွေ ကျောင်းသားဘဝ ရှေးတုန်းကဆိုရင် သင်္ကြန်ပြီးတာနဲ့ အောင်စာရင်း ထွက်တာကြောင့် စာမေးပွဲ သေချာဖြေနိုင်ခဲ့ရင် မိဘ၊ ညီအစ်ကို မောင်နှမတွေနဲ့အတူ သင်္ကြန်မှာ လည်ရ ပတ်ရ ပျော်ရတာ အလွန်ကို အရသာရှိတာ။ ကန်တော်ကြီး ပတ်လမ်းမှာ လည်မလား၊ ရွှေတိဂုံဘုရားလမ်းက မဏ္ဍပ်တွေမှာ ပျော်မလား၊ အင်းယားကန်ပေါင်မှာ နေ့လယ်နေ့ခင်း နားမလား၊ တကယ့်ကို ပျော်စရာ။ စာမေးပွဲကို သေချာ မဖြေနိုင်ခဲ့ရင်တော့ သင်္ကြန်မှာ စိတ်ရောကိုယ်ပါ မနှစ်နိုင်ဘဲ စာမေးပွဲကျရင် အဆူခံရမယ်ဆိုတဲ့စိတ်နဲ့ သင်္ကြန်သာ ပြီးသွားတယ်၊ သင်္ကြန်အနှစ်သာရကို မရလိုက်ကြတာတွေလည်း ရှိတယ်။ စာရေးသူ ကိုယ်တိုင်တောင် ရှစ်တန်း (အဲဒီတုန်းက အစိုးရစစ်) ဖြေပြီးချိန် သင်္ကြန်နဲ့ လမိုင်းမကပ်တာမျိုး ဖြစ်ခဲ့ဖူးပါသေးတယ်။

**လူငယ်ကျောင်းသားဘဝရဲ့ ရင်ခုန်မှုတစ်မျိုး**

အောင်စာရင်းတွေ ထွက်ပြီးပြီဆိုတာနဲ့ တက်ရမယ့်အတန်းရဲ့ ပုံနှိပ်စာအုပ်တွေ ဝယ်ရ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံတွေ ဝယ်ရ၊ ကျောင်းဝတ်စုံတွေ ဝယ်ရနဲ့ မိဘတွေမှာ အလုပ်ရှုပ်ရသလို များမကြာတဲ့ အချိန်မှာပဲ ကျောင်းအပ်ရမယ့်နေ့ကို ရောက်လာပြန်တယ်။ အတန်းသစ်ရဲ့ ဆရာမတွေ၊ အတန်းဖော်သစ်တွေနဲ့ မဆုံရခင်မှာ မိခင်ဖြစ်သူနဲ့အတူ ကျောင်းဝတ်စုံဝတ်ပြီး ကျောင်းအပ်ဖို့ သွားရတဲ့ ခံစားမှုကလည်း လူငယ်ကျောင်းသားဘဝရဲ့ ရင်ခုန်မှုတစ်မျိုးပါပဲ။ ကျောင်းရောက်တော့ ပြီးခဲ့တဲ့ စာသင်နှစ်ရဲ့ အတန်းပိုင်ဆရာမက ‘သားကြီး တော်တယ်၊ နောက်နှစ်တွေလည်း စာကို ကြိုးစားနော်’ ဆိုတဲ့ အားပေးသံတွေ၊ သူငယ်ချင်းအချင်းချင်း ပြန်ဆုံရပြီး ငါက A တန်း၊ ငါက B တန်း၊ ငါက C တန်း တစ်ယောက်တစ်ပေါက်နဲ့ သူ့ထက်ငါ အလုအယက် ပြောနေကြတုန်း ငါက S တန်း ရောက်သွားပြီလို့ ကြားဖြတ်ပြောလိုက်တဲ့ သူငယ်ချင်းရဲ့ အပြောကြောင့် A တွေ B တွေ C တွေအားလုံးအဖို့ အသံကို တိတ်သွားစေတာကတော့ အမှန်ပါပဲ။ စာတော်ပြီး ထူးချွန်မှသာ S တန်းမှာ သင်ကြားခွင့်ရတာကြောင့် မိဘတွေကရော ဆရာ ဆရာမတွေကပါ စာကြိုးစားဖို့၊ စာဖတ်ဖို့၊ စာကျက်ဖို့ကို တွန်းတွန်းတိုက်တိုက် အမြဲလုပ်လေ့ရှိပေမယ့် စာကျက်ရတာကို တကယ့်လေးလေးပင်ပင် အလုပ်လုပ်ရသကဲ့သို့ ထင်မှတ်ထားတဲ့ ကျောင်းသား ကျောင်းသူတွေထဲမှာ စာရေးသူလည်း ပါခဲ့ဖူးပါတယ်။



၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်ကြသည့် ကျောင်းသား ကျောင်းသူများကို မေ ၂၃ ရက်က တွေ့ရစဉ်။

**ငယ်စဉ်ကသာ ပညာမသင်ခဲ့ရင်**

ဖခင်ဖြစ်သူက ဆူဆူပူပူသိပ်မပြောပေမယ့် မိခင်ဖြစ်သူကတော့ စာနဲ့ပတ်သက်ရင် အလျှော့ပေးတာမျိုး လုပ်လေ့မရှိဘဲ ‘တစ်ရက်စာ တစ်ရက် မရရင် မအိပ်ရဘူး’ဆိုတဲ့ အထိပါ ထိန်းကွပ်ခဲ့တယ်။ ‘ဂုဏ်ကို ပြိုင်လေ့ ပြိုင်ထမရှိတဲ့ မိခင်က ပညာနှင့်ဆို အမြဲ ပြိုင်ချင်နေတယ်’ လို့ စာရေးသူစိတ်ထဲ မိခင်ကို ကလေးဘဝက အပြစ်မြင်ခဲ့မိတယ်။ တကယ်တော့ လူဆိုတာ ပေါ့ပေါ့နေ ပေါ့ပေါ့စားရတာကို ကြိုက်ကြတဲ့သူက အများသား မဟုတ်လား။ ငယ်စဉ်ကသာ ပညာမသင်ခဲ့ရင် ပညာဉာဏ်နဲ့ လုပ်တဲ့ အလုပ်ကို ဘယ်လိုမှ လုပ်ကိုင်နိုင်မှာ မဟုတ်ဘူး။ ပညာမတတ်ခြင်းကြောင့် ကြုံတွေ့ရမှာတွေက ကလေးဘဝ ကုန်ဆုံးပြီး ဘဝအတွက် လျှောက်လှမ်းတဲ့အခါမှသာ သိနိုင်ကြတာ။

**နောက်ပြန်လှည့်ဖို့ မဖြစ်နိုင်တော့တဲ့အရွယ်**

တကယ် အမှားသိချိန်ရောက်ပြန်ရင်လည်း တချို့တချို့အတွက် အရာရာဟာ အချိန်ကျော်လွန်ခဲ့ပြီ ဖြစ်တာကြောင့် နောက်ပြန်လှည့်ဖို့ မဖြစ်နိုင်တော့တဲ့ အရွယ် ရောက်နှင့်နေပြီ။ စာရေးသူရဲ့ အဘိုးဖြစ်သူ မကွယ်လွန်ခင်က ပြောဖူးတာလေး အမှတ်တရ ပြောပြချင်ပါသေးတယ်။ ကျောင်းဆရာ၊ ကျောင်းအုပ်လုပ်ခဲ့သူပီပီ စာရေးသူ စာကျက်တိုင်း လိုလို ဘေးနားထိုင်ပြီး **“ဒီမယ် ငါ့မြေး၊ ဘိုးဘိုးရဲ့ သားသမီးတွေကို ဘဝမကြမ်းစေဖို့ ပန်ကာအောက်မှာ စားပွဲနဲ့ထိုင်ပြီး အလုပ်လုပ်ရတဲ့ ဘဝမျိုးပဲ ဖြစ်စေချင်တာ၊ မဖြစ်ဖြစ်အောင်လည်း ကြိုးစားပြီး ပညာသင်ပေးခဲ့တယ်၊ သူတို့ကြိုးစားခဲ့လို့လည်း မင်းတို့ ခုလို အေးအေးဆေးဆေး စာသင်နိုင်တာပေါ့’** လို့ ပြောရင်း စာရေးသူ အိပ်ငိုက်တိုင်း အားဆေးတိုက်ခဲ့သူ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ သုံးပါးလုံးနဲ့ ကိုက်ညီသူဆိုလည်း မမှားပါဘူး။ မိဘ(ဘိုးဘွား)၊ ဆရာ၊ ကျောင်းသား သုံးနားညီညီ လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့တာကြောင့်လည်း အခြေခံပညာအတန်းတွေမှာ အကျမရှိ အောင်မြင်ခဲ့ပြီး အဆင့်မြင့်ပညာထိပါ တက်လှမ်းနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

**ပညာပြည့်ဝ နှလုံးလှသော်**

ပညာနဲ့ ပတ်သက်ပြီး ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ နန္ဒမာလာဘိဝံသက ‘ပညာဆိုတာ ဘာလဲ- လုပ်သင့်တာ၊ မလုပ်သင့်တာကို ခွဲခြားသိတယ်၊ အကြောင်းအကျိုး၊ အကောင်းအဆိုး ခွဲခြားသိတယ်၊ အခွင့်ကောင်းကြုံတယ်၊ မကြုံဘူး၊ အခွင့်ကောင်းရှိရင် ဘာလုပ်သင့်လဲဆိုတာ သိတဲ့ ပညာသည်သာလျှင် တကယ့်ရတနာ အစစ်ပါ၊ ဒါကြောင့်မို့လို့ မြတ်စွာဘုရားက ရတနာ အစစ်ဆိုတာ စိန်တွေ၊ ရွှေတွေ၊ ပတ္တမြားတွေ မဟုတ်ဘူး၊ “ပညာ နရာနံ ရတနံ”၊ “အသိပညာသည်သာ လူရဲ့ရတနာ” လို့’ ဟောကြားတော် မူခဲ့ပါတယ်။ အလားတူ မန်လည်ဆရာတော်ကြီးရဲ့ ‘**ပညာပြည့်ဝ နှလုံးလှသော်၊ ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏**’ လင်္ကာကဗျာလေးကလည်း ပညာနဲ့ပတ်သက်ပြီး မှတ်သားဖွယ်ရာပင် ဖြစ်ပါတယ်။

**ပညာရေးနိမ့်ကျသည့် လူငယ်များ မဖြစ်အောင်**

ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ မြန်မာနိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ ကဏ္ဍတွေမှာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေဖို့လိုပြီး ထိုအထဲမှာမှ အခြေခံဖြစ်တဲ့ ပညာရေးက အဓိက ကျလှပါတယ်။ ဒါကြောင့်လည်း စာရေးသူအပါအဝင် ပညာနဲ့ အလုပ်လုပ်ကိုင်နေကြသူတွေဟာ လူမှန်းသိတတ်စ အရွယ်ကတည်းက ကျောင်းတက် ပညာသင်ယူခဲ့ကြပြီး ဘဝရှေ့ရေးအတွက် အတတ်ပညာ၊ အသိပညာ ပြည့်ဝအောင် ကြိုးစားခဲ့ကြသူတွေချည်းပဲ ဖြစ်ပါတယ်။ ပညာရေး အခြေခံကောင်းမှသာ မိမိအတွက်၊ မိမိမိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိတိုင်းပြည်နဲ့ မိမိလူမျိုးပါမကျန် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ အခြေခံပညာ အားကောင်းဖို့အတွက်လည်း ဧပြီ ၂၆ ရက်က နေပြည်တော်ရှိ MICC-II မှာ ပြုလုပ်တဲ့ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံပွဲမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့် အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင်သင်ယူနိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ကြရပြီး ကျောင်းနှင့်ကင်းကွာ ပညာရေးနိမ့်ကျသည့် လူငယ်များ မဖြစ်အောင် တာဝန်ရှိသူများ၊ မိဘများနှင့် ဆရာ ဆရာမများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုကြောင်း”** စသည်ဖြင့် မှာကြားခဲ့တာကို တွေ့ရပါတယ်။

**“လူငယ်များသည် တိုင်းပြည်၏ အနာဂတ် ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများ ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ပညာသင်ကြားရာတွင် အခြေခံမှစ၍ သိရှိနားလည်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးရန် လိုကြောင်းနှင့် လူငယ်ကဏ္ဍ မြှင့်တင်ရေးအတွက် မိဘ၊ ဆရာနှင့် တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်း၍ အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း”** ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဧပြီ ၂၂ ရက်မှာ ပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)မှာ လူငယ်များဘဝ ဖွံ့ဖြိုးရေးအတွက် အထူးမှာကြားခဲ့တာကို တွေ့ရတယ်။ နိုင်ငံ့အကြီးအကဲရဲ့ တိုင်းပြည်အနာဂတ်အပေါ် ရည်မှန်းပြီး ကျောင်းသား ကျောင်းသူ လူငယ်များအပေါ် ပညာရေးအားထည့်လုပ်ဆောင်နေခြင်းကို တွေ့ရတာကလည်း ကျေနပ်ပီတိဖြစ်စရာပါပဲ။

လူငယ်ကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာကျောင်းတွေကို ဇွန်လမှာ ပြန်လည်ဖွင့်လှစ်တော့မှာဖြစ်ပြီး စာသင်ကျောင်းတွေ သန့်ရှင်းသာယာလှပရေး၊ ကျောင်းဥပစာရိပ်တွေကောင်းမွန်စေရေးနဲ့ ပရိဘောဂတွေ ပြည့်စုံကောင်းမွန်စေရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နိုင်ကြဖို့၊ အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှောင့်နှေးခဲ့ရတဲ့ ဒေသအချို့က အခြေခံပညာကျောင်းတွေကိုလည်း ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ဖို့၊ ကျောင်းနေအရွယ် ကလေးအားလုံး လုံလုံခြုံခြုံဖြင့် *စာမျက်နှာ ၁၂ သို့*

**“ နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို ဘက်ပေါင်းစုံမှ မြှင့်တင်ပေးနေချိန်မှာ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းတက်နိုင်စေဖို့ မိဘဖြစ်သူနဲ့ အုပ်ထိန်းသူတို့အပေါ်မှာ လွန်စွာမှ တာဝန်ရှိပါတယ်။ ‘ကျောင်းထားဖို့ ပိုက်ဆံမရှိလို့’ ဆိုတာမျိုး မဖြစ်ရလေအောင်လည်း အခြေခံပညာအဆင့်မှာ အခမဲ့ ပညာရေးနဲ့ လက်လှမ်းတမီ သင်ယူနိုင်တဲ့ အခွင့်အလမ်းရအောင် နိုင်ငံတော်က စီမံဆောင်ရွက်ပေးထားပြီးလည်း ဖြစ်ပါတယ်။ ကျောင်းလခ၊ မိဘဆရာ အသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနဲ့ စာကြည့်တိုက်ကြေး အပါအဝင် ဘယ်အခကြေးငွေကိုမျှ လုံးဝ မကောက်ခံဘဲ ကျောင်းသုံးစာအုပ်၊ ဗလာစာအုပ်၊ ခဲတံဘောပင်၊ ကျောင်းဝတ်စုံ တစ်စုံကိုပါ အခမဲ့ထောက်ပံ့ပေးဦးမှာ ဖြစ်ပါတယ် ”**

# ရှေ့သို့ဆက်မည့် လျှပ်စစ်လက်များသည်

မောင်မောင်စွယ်စုံထွန်း




ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ပြည်သူများအတွက် ထွက်ပေါ်လာသော လျှပ်စစ်အလင်းရောင်များ။

လျှပ်စစ်ဓာတ်အား စနစ်တစ်ခု ကောင်းစွာလည်ပတ်နိုင်ဖို့ လျှပ်စစ်ထုတ်လုပ်ခြင်း (Generation)၊ လျှပ်စစ်သွယ်တန်းခြင်း (Transmission) နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း (Distribution)တို့ကို တစ်ပြိုင်တည်းဆောင်ရွက်ကြရသည်။ လျှပ်စစ်ထုတ်လုပ်သည့်စက်များမှ လျှပ်စစ် ဓာတ်အားထုတ်လုပ်ရာတွင် ထွက်ပြီးအသုံးမရှိလျှင် စက်များ အလိုအလျောက် ရပ်ဆိုင်းအောင် စီမံဆောင်ရွက်ထားလေ့ရှိကြသည်။ အဆိုပါထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို မြို့ရွာများသို့ ဖြန့်ဖြူးရေးဆောင်ရွက်နိုင်အောင် ဓာတ်အားစနစ် ကွန်ရက်ကြီးတစ်ခု တည်ဆောက်ထားပြီးလျှင် မဟာဓာတ်အားလိုင်းကြီးများဖြင့် ပင်မဓာတ်အားခွဲရုံ တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားပါသည်။ ပင်မဓာတ်အားခွဲရုံဟုခေါ်သော ၂၃၀ ကေဗွီ သို့မဟုတ် ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံအကြီးစားများ တစ်ခုနှင့်တစ်ခုကို မဟာဓာတ်အားလိုင်းကြီးများက ဆက်သွယ်ပေးထားပြီး သက်ဆိုင်ရာ မြို့ရွာများသို့ ၆၆ ကေဗွီနှင့် ၃၃ ကေဗွီဓာတ်အားခွဲရုံ အသေးများမှတစ်ဆင့် ဓာတ်အားလိုင်းတိုင်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးပါသည်။ မြို့နယ်တစ်ခုအတွင်း ၁၁ ကေဗွီဓာတ်အားလိုင်း အသေးစားလေးများဖြင့် မိမိတို့ရပ်ရွာရှိ ထရန်စဖော်မာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားပြီး ထိုမှတစ်ဆင့် ၀ ဒသမ ၄ ကေဗွီလိုင်း(၄၀၀ဗို့ဓာတ်အားလိုင်း)များဖြင့် ရပ်ကွက်အတွင်း မီးသုံးသူပြည်သူများ၏ နေအိမ်သို့အရောက် လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးနေခြင်း ဖြစ်ပါသည်။

**လူ့ခန္ဓာကိုယ် အသက်သွေးကြောများသဖွယ် ယှက်သွယ်နေကြ**

ထိုသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားလိုင်းကြီး များ (မဟာဓာတ်အားလိုင်းများ)နှင့် ဓာတ်အားလိုင်းသေးများ (၆၆ ကေဗွီ / ၃၃ ကေဗွီ / ၁၁ ကေဗွီ / ၀ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်း များ) သည် လူ့ခန္ဓာကိုယ်မှ အသက်သွေးကြောများသဖွယ် ဓာတ်အားကွန်ရက်အတွင်း ယှက်သွယ်နေကြခြင်းဖြစ်သည်။ လူ့ခန္ဓာကိုယ်တွင် ပင်မသွေးကြောမကြီး ထိခိုက်ဒဏ်ရာရရှိပါက ပြန်လည်ကုသရန် ခက်ခဲသကဲ့သို့ ကျန်နေရာများသို့ သွေးမရောက်သဖြင့် အသက်အန္တရာယ်စိုးရိမ်လာရသလိုပင် ပင်မဓာတ်အားလိုင်းကြီးများဖြစ်သော မဟာဓာတ်အားလိုင်းတိုင်ကြီးများ ပျက်စီးခြင်း၊ ပြိုလဲခြင်းများ ဖြစ်ပေါ်လာပါက အဆိုပါမဟာဓာတ်အားလိုင်းကြီးမှတစ်ဆင့် ပင်မဓာတ်အားခွဲရုံမှ ဆက်သွယ်နေသောနေရာ ဒေသများအားလုံးတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို ဖြစ်ပေါ်လာစေပါသည်။ ဓာတ်အားထုတ်လုပ်သည့် စက်ရုံများအနီးတွင် မဟာဓာတ်အားလိုင်းတိုင်ကြီးများ ပျက်စီးပါက ဓာတ်အားထုတ်လုပ်သည့် စက်များပင် အလိုအလျောက်ရပ်တန့် သွားစေပါလိမ့်မည်။ ခွဲရုံများမှ တစ်ဆင့်ခံ၍ပေးထားသည့်နေရာဖြစ်ပါက အဆိုပါဓာတ်အားလိုင်းဘက်သို့ ဓာတ်အားမစီးရန် ပိတ်ထားပြီး ကျန်ဆက်သွယ်သည့်နေရာများသို့ ဓာတ်အားပို့လွှတ်၍ ရနိုင်ပါသေးသည်။

**တိုင်ကြီးများ ပျက်စီးခဲ့ပါက**
**ပြုပြင်တည်ဆောက်ရချိန်လည်း ကြာမြင့်**

လူ့ခန္ဓာကိုယ်တွင် သွေးကြောအသေးစားရှိသော နေရာများတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပါက ဆေးကုသရန် လွယ်ကူသကဲ့သို့ ဓာတ်အားလိုင်းသေးများပျက်စီးက ပြုပြင်ရန် လွယ်ကူမြန်ဆန်သော်လည်း ပင်မဓာတ်အားလိုင်းကြီးများ ပျက်စီးပါက ပြုပြင်ရန် လွန်စွာခက်ခဲပြီး အချိန်လည်း ကြာမြင့်လေသည်။ မဟာဓာတ်အားလိုင်းတိုင်ကြီးများသည်အဝေးမှ ကြည့်မြင်ပါကသေးသည်ဟု ထင်ရသော်လည်းတစ်ခုခြင်း အနီးကပ်ကြည့်ရှုပါက အလွန်ကြီးမားလှသောတိုင်များဖြစ်၍ တာဝါတိုင်များဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ အဆိုပါတိုင်ကြီးများ ပျက်စီးခဲ့ပါက အစားထိုးပြုပြင်ရန် လူ အင်အား၊ စက်ယန္တရားများနှင့် အစားထိုးပစ္စည်းများ မြောက်မြားစွာ လိုအပ်သည့်အပြင် ပြုပြင်တည်ဆောက်ရချိန်လည်း ကြာမြင့်ပါသည်။

**မြို့ရွာတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ လျှပ်စစ်မီးက အရေးပါ**

လျှပ်စစ်ကဏ္ဍနှင့် စပ်လျဉ်း၍ ကယားပြည်နယ်ရှိ ပွန်ချောင်းရှားတောလမ်းပေါ်က တောင်နံရံပေါ်တွင် ဆောက်လုပ်ရေးဌာနမှ ရေးထိုးထားသော ကျောက်စာချပ်များပေါ်ရှိ စာသားများကဲ့သို့ လျှပ်စစ်အနေဖြင့် အစားထိုးပြောရပါလျှင် **"ပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေးနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုသည် လျှပ်စစ်မီးတိုးတက်ရရှိမှ ဖြစ်မည်၊ သင် ပြည်သူ့ရန်သူ မဖြစ်ပါစေနဲ့"** ဟု တင်ပြလိုပါသည်။ အမှန်တကယ်လည်း နေရာဒေသ မြို့ရွာတစ်ခု ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့လိုသလို လျှပ်စစ်မီးကလည်း အရေးပါလှသည်။ လျှပ်စစ်မီးသာရရှိလာပါက အဆိုပါ ဒေသမြို့ရွာ၏ စီးပွားရေးမှာ တစ်ဟုန်ထိုး တိုးတက်လာပြီး လူနေမှုအဆင့်အတန်းများသည် တစ်ရှိန်ထိုး မြင့်မားတိုးတက်လာမည်မှာမလွဲဧကန် ဖြစ်ပါသည်။ သို့ရာတွင် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ရုံတစ်ခုတည်းသာမဟုတ်ဘဲ ရရှိလာသည့် ဓာတ်အားကို သွယ်တန်းပေးနိုင်မည့် မဟာဓာတ်အားလိုင်းကြီးများလိုအပ်သလို ဖြန့်ဖြူးပေးနိုင်မည့် ခွဲရုံအသေးစားနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများလည်း အပြိုင်ဖွံ့ဖြိုးတိုးတက်လာစေဖို့ လိုပါသည်။ လျှပ်စစ်ကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ လျှပ်စစ်ကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများမှချည်း ဆောင်ရွက်နေ၍မရပါ။ အားလုံးသော ပြည်သူတို့ပါဝင်လာပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်မှသာလျှင် အောင်မြင်မှုများ ရရှိလာစေမည်ဖြစ်သည်ကို လက်တွေ့ဖြစ်ရပ်များစွာက သက်သေခံလျက်ရှိနေပေပြီ၊ လျှပ်စစ်ကိုရင်းမြစ်မျိုးစုံမှ ထုတ်လုပ်နိုင်ရန်မှာ ပြည်သူတို့၏ အသိဉာဏ်ပညာပြည့်စုံကြွယ်ဝမှုများစွာလိုအပ်နေပြီး မီဒီယာအချို့၏ သွေးထိုးလှုံ့ဆော်မှုအရ ဖြစ်ပေါ်လာသော no coal , no dam စသည့်ကန့်ကွက်မှုမျိုးများ ရှိမနေဖို့လိုပါသည်။ မိမိတို့ တိုင်းပြည်တွင် လျှပ်စစ်မီးပြည့်ဝစွာ သုံးစွဲနိုင်ရန်ကိုသာ အဓိကထား၍ တွေးခေါ်စဉ်းစားတတ်ဖို့လည်းလိုပါမည်။ ရေအားစက်ရုံများသည် နွေရာသီတွင် ဓာတ်အားပြည့်ဝစွာ မထုတ်လုပ်နိုင်သဖြင့် သင့်လျော်သော "Generation mix" ကို တည်ဆောက်ရန် လိုအပ်နေသည့်အလျောက် System တည်ငြိမ်မှုကို အဓိကထား၍ ဦးစားပေးရွေးချယ် ဆောင်ရွက်ပေးလျက်လည်းရှိပါသည်။ မိမိတို့ နိုင်ငံတွင် ပေါများ၍ သုံးမကုန်နိုင်သော အရင်းအမြစ်ဖြစ်သည့် ရေအားလျှပ်စစ်ကိုလည်း ဖြစ်နိုင်သရွေ့ အပြည့်အဝ အသုံးချနိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံ ဓာတ်အားစနစ်၏ အဓိကကျောရိုး**

ထို့ပြင် ထုတ်လုပ်ပြီးသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတကာအဆင့်မီ သွယ်တန်းဖြန့်ဖြူးပေးနိုင်ဖို့လည်း လိုအပ်နေသဖြင့် နိုင်ငံတစ်ဝန်းလုံးသို့ ဓာတ်အားပိုမို ဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ပေးခြင်း၊ အသစ်တည်ဆောက်ခြင်း တို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိပါသည်။ ထို့ပြင် အဆင့်မီစွာဖြင့် ဓာတ်အားပို့လွှတ်နိုင်ရေးအတွက်လည်း ဓာတ်အားအများဆုံး ထုတ်လုပ်နိုင်သော မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ တောင်ပိုင်းဒေသများသို့ ဓာတ်အားပို့လွှတ်ရာတွင် ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းများကိုသာ အသုံးပြုနိုင်ခဲ့ရာမှ ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ လျှပ်စစ်ဓာတ်အားကို တစ်နေရာမှ တစ်နေရာသို့ သွယ်တန်းပို့လွှတ်ရာတွင် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းကြီးများကို အသုံးပြုနိုင်အောင်လည်း ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၃၀ ကေဗွီဖြင့် ဓာတ်အားပို့လွှတ်ရာတွင် ဝန်အားပြည့်နေခြင်း၊ ဓာတ်အားလိုင်းတစ်လိုင်း အပြစ်ဖြစ်ပွားလျှင် အရန်ဓာတ်အားလိုင်းမရှိသဖြင့် System Breakdown (System black out) ဖြစ်ပွားမှုများလာစေခြင်း စသည့်အားနည်းချက် အခက်အခဲများကို ကျော်လွှားနိုင်ရန် ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံကြီးများနှင့် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းကြီးများကို မြန်မာနိုင်ငံ ဓာတ်အားစနစ်၏ (Back Bone) အဓိကကျောရိုးအဖြစ် ကြိုးစားတည်ဆောက်နေဆဲလည်း ဖြစ်ပါသည်။ အလားတူ ဖြန့်ဖြူးရေးကဏ္ဍတွင်လည်း ကျေးရွာများအထိ ပိုမိုဖြန့်ဖြူးပေးနိုင်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံးနိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် ၅၀ ရာခိုင်နှုန်း ပြည့်မီသည့် အခမ်းအနားများကို နိုင်ငံနှင့်အဝန်း ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ခဲ့ပြီလည်း ဖြစ်ပါသည်။

*စာမျက်နှာ ၁၂ သို့*

**" မြို့ရွာတစ်ခု ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့လိုသလို လျှပ်စစ်မီးကလည်း အရေးပါလှသည်။ လျှပ်စစ်မီးသာရရှိလာပါက အဆိုပါ ဒေသမြို့ရွာ၏ စီးပွားရေးမှာ တစ်ဟုန်ထိုး တိုးတက်လာပြီး လူနေမှုအဆင့်အတန်းများသည် တစ်ရှိန်ထိုးမြင့်မားတိုးတက်လာမည်မှာမလွဲဧကန် ဖြစ်ပါသည်။ သို့ရာတွင် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ရုံတစ်ခုတည်းသာမဟုတ်ဘဲ ရရှိလာသည့် ဓာတ်အားကို သွယ်တန်းပေးနိုင်မည့် မဟာဓာတ်အားလိုင်းကြီးများလိုအပ်သလို ဖြန့်ဖြူးပေးနိုင်မည့် ခွဲရုံအသေးစားနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများလည်း အပြိုင်ဖွံ့ဖြိုးတိုးတက်လာစေဖို့ လိုပါသည်။ လျှပ်စစ်ကဏ္ဍ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ လျှပ်စစ်ကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများမှချည်း ဆောင်ရွက်နေ၍မရပါ။ အားလုံးသော ပြည်သူတို့ပါဝင်လာပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်မှသာလျှင် အောင်မြင်မှုများ ရရှိလာစေမည် "**

*စာမျက်နှာ ၁၀ မှ*

ပညာသင်ကြားနိုင်ဖို့ စတာတွေကိုလည်း နိုင်ငံ့အကြီးအကဲက ကြိုတင်မြော်တွေးပြီး မိန့်ခွန်းမှာ ထည့်သွင်းပြောကြားသွားတာကလည်း လူငယ်တွေ အပေါ်မှာ ထားတဲ့ စေတနာကို ပေါ်လွင်စေလျက်ရှိတာကို တွေ့ရပြန်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြချင်တာက ပြည်ဖျက်အကြမ်းဖက်အဖွဲ့ NUG ရဲ့ အလုံးစုံပျက်သုဉ်းရေး လမ်းစဉ်တွေကြောင့် KNU၊ KIA၊ PDF အကြမ်းဖက်အဖွဲ့တွေဟာ ၂၀၂၁ ခုနှစ်ကနေ ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းအထိ ဆရာ ဆရာမ ၆၈ ဦး၊ စာသင်ကျောင်းတွေကို ဗုံးခွဲတိုက်ခိုက်မှု ၅၄၃ ကြိမ်၊ မီးရှို့ဖျက်ဆီးမှု ၁၂၂ ကြိမ် ကျူးလွန်ခဲ့ကြတာကို စိတ်မကောင်းဖွယ် တွေ့ရှိခဲ့ရပါတယ်။ အဆိုပါ လုပ်ရပ်ကြောင့် တိုင်းပြည်အတွက် လွန်စွာမှ ထိခိုက်နစ်နာမှုဖြစ်စေခဲ့ပြီး ပညာကို မြတ်နိုးသူတိုင်း၊ တန်ဖိုးထားသူတိုင်း၊ အဖွဲ့အစည်းအသီးသီးကပါ အဆိုပါ အကြမ်းဖက်အဖွဲ့ အသီးသီးကို ရှုတ်ချကန့်ကွက်ခဲ့ကြတာကို သတိပြုမိပါတယ်။

**လူငယ်တွေရဲ့ ဘဝတက်လမ်း ချိုးဖဲ့ဖျက်ဆီးခံခဲ့ရ**

နိုင်ငံ့အနာဂတ်ကို ပခုံးပြောင်းတာဝန်လွှဲပေးရမယ့် လူငယ်တွေအတွက် နိုင်ငံတော်အကြီးအကဲနဲ့အတူ သက်ဆိုင်ရာ တာဝန်ရှိဝန်ကြီးဌာနအပြင် မိတ်ဖက်ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းအသီးသီးတွေက အားသွန်ခွန်စိုက်နဲ့ ကြိုးပမ်းဆောင်ရွက်နေချိန်မှာ ကျောင်းမတက်ဖို့ လှုံ့ဆော်ခဲ့သူ လူ့မိစ္ဆာတွေကြောင့် ကျောင်းသား ကျောင်းသူ လူငယ်တချို့ဟာ ကျောင်းနားခဲ့ကြရတယ်၊ ကျောင်းထွက်ပြီး ရရာအလုပ်ကြမ်း လုပ်ခဲ့ကြရတယ်၊ မိဘပိုက်ဆံ ထိုင်ဖြုန်းပြီး ဝေလေလေ လုပ်ခဲ့ကြရတယ်။ ဒီလိုနဲ့ပဲ ကျောင်းသား ကျောင်းသူ လူငယ်တွေရဲ့ ဘဝတက်လမ်း အညွန့်တလူလူဟာ ချိုးဖဲ့ဖျက်ဆီးခံခဲ့ရတယ်။ စာရေးသူ မိတ်ဆွေရဲ့ သားတစ်ယောက် ဆိုရင်လည်း ၂၀၂၁ ခုနှစ်မှာ ၈ တန်းနဲ့ ကျောင်းနားပြီး အိမ်အတွက်ပဲ အလုပ်ထွက်လုပ်တော့မလို၊ ဘဝအကြောင်းပဲ နားလည်သွားတဲ့ လူကြီးပေါက်လေး လိုလိုနဲ့ စာရေးသူနဲ့ စကားပြောတိုင်း ဘုနဲ့ဘောက်။ တွေ့တိုင်း မြင်တိုင်း ကျောင်းဆက်တက်ဖို့ ဖျောင်းဖျသော်လည်း နားမဝင်ခဲ့။ သူ့သူငယ်ချင်းတွေ Grade- 12 အောင်ပြီးလို့ တက္ကသိုလ်ကျောင်းသားရဲ့ဘဝကို မြင်လာရတဲ့အခါမှာတော့ ဒီနှစ် Grade- 8 ကို ပြန်တက်ဖို့ ကျောင်းအပ်တော့မယ် ဆိုလာပါတော့တယ်။ ကျောင်းသားတစ်ယောက်ရဲ့ ကျောင်းပြန်တက်ဖို့ အမြင်မှန်ကြောင့် သူ့မိဘတွေရော၊ မိသားစုတွေရော အခုချိန်မှာ ပြုံးပျော်နေကြရပြီ။

လာမယ့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နဲ့ ပတ်သက်ပြီး အခြေခံပညာကျောင်းများမှာ ကျောင်းအပ်နှံရေး အစီအစဉ်တွေ၊ မိဘ၊ အုပ်ထိန်းသူ ပြည်သူများသို့ မေတ္တာရပ်ခံချက်တွေ၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများ သိရှိလိုက်နာရမယ့် အချက်အလက်တွေကို ပညာရေးဝန်ကြီးဌာနကနေ ထုတ်ပြန်အသိပေးထားပြီး အဆိုပါ အသိပေးကြေညာချက်တွေကိုလည်း မိဘပြည်သူများအားလုံး သိရှိနိုင်စေဖို့ နိုင်ငံပိုင်မီဒီယာတွေ၊ အွန်လိုင်းပလက်ဖောင်းတွေကနေ ဆက်တိုက်ဆိုသလို ဖော်ပြထုတ်လွှင့်ပေးနေတာကိုလည်း သတင်းစာဖတ်တိုင်း၊ ရုပ်မြင်သံကြား ကြည့်တိုင်း၊ ရေဒီယိုနားထောင်တိုင်း၊ အွန်လိုင်းသုံးတိုင်း တွေ့မြင်နေရပါတယ်။

**အခမဲ့ပညာရေးနဲ့ လက်လှမ်းတမီ သင်ယူနိုင်တဲ့ အခွင့်အလမ်း**

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို ဘက်ပေါင်းစုံမှ မြှင့်တင်ပေးနေချိန်မှာ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းတက်နိုင်စေဖို့ မိဘဖြစ်သူနဲ့ အုပ်ထိန်းသူတို့အပေါ်မှာ လွန်စွာမှ တာဝန်ရှိပါတယ်။ 'ကျောင်းထားဖို့ ပိုက်ဆံမရှိလို့' ဆိုတာမျိုး မဖြစ်ရလေအောင်လည်း အခြေခံပညာအဆင့်မှာ အခမဲ့ပညာရေးနဲ့ လက်လှမ်းတမီ သင်ယူနိုင်တဲ့ အခွင့်အလမ်းရအောင် နိုင်ငံတော်က စီမံဆောင်ရွက်ပေးထားပြီးလည်း ဖြစ်ပါတယ်။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနဲ့ စာကြည့်တိုက်ကြေး အပါအဝင် ဘယ်အခကြေးငွေကိုမျှ လုံးဝမကောက်ခံဘဲ ကျောင်းသုံးစာအုပ်၊ ဗလာစာအုပ်၊ ခဲတံဘောပင်၊ ကျောင်းဝတ်စုံ တစ်စုံကိုပါ အခမဲ့ထောက်ပံ့ပေးဦးမှာ ဖြစ်ပါတယ်။

**'ခွင့်သာခိုက်မှ မလိုက်ချင်လျှင် အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား။ ခွင့်သာဆဲမှ မခဲချင်လျှင် အလွဲနင့်ပြင် ရှိသေးလေလိမ့်လား။ ခွင့်သာတုန်းမှ မရုန်းချင်လျှင် အရှုံးနင့်ပြင် ရှိသေးလေလိမ့်လား'** ဆိုတဲ့ လယ်တီဆရာတော်ကြီးရဲ့ ဆုံးမစကားအတိုင်း မိဘ၊ အုပ်ထိန်းသူတွေဟာ ကျောင်းသား ကျောင်းသူလူငယ်တွေ ကျောင်းတက်ဖို့ကျောင်းအပ်ဖို့ နေ့ရွှေ့ရက်ရွှေ့ လုပ်မနေကြဘဲ မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ မိမိတို့ နေထိုင်ရာမြို့နယ်အလိုက် သတ်မှတ်နယ်မြေများရဲ့ အခြေခံပညာကျောင်းများသို့ **သွားရောက်ကာ 'ကျောင်းနေ အရွယ်ကလေးအားလုံး အခြေခံပညာ သင်ယူဖို့ ကျောင်းအပ်နှံကြပါစို့'** လို့ တိုက်တွန်းရေးသားနှိုးဆော်လိုက်ရပါတယ်။ ။

*စာမျက်နှာ ၁၁ မှ*

ဆက်လက်၍ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးရာနှုန်းပြည့် မီးလင်းပြီးဖြစ်စေရန်လည်း နိုင်ငံတော်က ဘက်စုံကြိုးစား၍ လျာထားဆောင်ရွက်ပေးလျက် ရှိနေပါသည်။

ထိုသို့နိုင်ငံတော်ဘက်မှ ဓာတ်အားတိုးတက်ရရှိ၍ ထုတ်လုပ်သွယ်တန်းဖြန့်ဖြူးပေးနိုင်ရန် အထူးကြိုးပမ်း ဆောင်ရွက်လျက်ရှိနေသော်လည်း မသမာသူတို့၏ သွေးထိုးစကားများကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုအချို့မှာ ပြန်လည်ရုပ်သိမ်းသွားကြခြင်း၊ တာဝါတိုင်များ ဖျက်ဆီးခံရပြီး ပြုပြင်ခွင့်မရခြင်းများကြောင့် ယခုအခါ မြန်မာတစ်နိုင်ငံလုံးနီးပါး ဓာတ်အားမလုံလောက်မှုများ ဖြစ်ပေါ်လာစေပြီး အလှည့်ကျ ဓာတ်အားဖြန့်ဖြူးပေးနေရသည့်အခြေအနေသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ အခြေအနေများကို လွန်မြောက်နိုင်စေရန် လျှပ်စစ်ကဏ္ဍအား ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်အတွက်လည်း နိုင်ငံတော်ဘက်မှ နည်းလမ်းပေါင်းစုံ အသုံးပြု၍ ကြိုးစားပမ်းစား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေခြင်းလည်း ဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ဓာတ်အား လုံလောက်ဖို့အတွက် မဂ္ဂါဝပ်ပေါင်း ၅၀၀၀ ကျော်ခန့် အနည်းဆုံးလိုအပ်**

မြန်မာနိုင်ငံ၏ လက်ရှိစက်တပ်ဆင်အင်အား မဂ္ဂါဝပ်ပေါင်း ၇၀၀၀ ကျော်တွင် ရေအားလျှပ်စစ်မှ ထုတ်ယူသည်မှာ ၄၀ ရာခိုင်နှုန်းကျော်ဖြစ်ပြီး အခြားစွမ်းအင်များမှ ၅၀ ရာခိုင်နှုန်းကျော် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးလျက် ရှိပါသည်။ လက်ရှိ မြန်မာနိုင်ငံ၏ Electricity demand အရ တွက်ချက်ကြည့်မည်ဆိုလျှင် လျှပ်စစ်ဓာတ်အား လုံလောက်ဖို့အတွက် မဂ္ဂါဝပ်ပေါင်း ၅၀၀၀ ကျော်ခန့် အနည်းဆုံး လိုအပ်လျက်ရှိရာ အဆိုပါခန့်မှန်းချက်သည် လက်ရှိ demandသာဖြစ်ပြီး အနာဂတ်လူဦးရေနှင့် လိုအပ်ချက်အတွက်ဆိုပါလျှင် ယခုထက်များစွာပိုလာနိုင်လိမ့်မည်ဟု ခန့်မှန်းသိရှိနိုင်ပါသည်။

ကမ္ဘာ့နိုင်ငံအတော်များများတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်အခါ၌ အရင်းအမြစ် ၁၀ မျိုးခန့်မှနေ၍ သင့်တော်သလို စီမံခန့်ခွဲသုံးစွဲကြရပါသည်။ နျူကလီးယား၊ ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝလောင်စာ၊ ဒီရေ၊ ဘူမိအပူ စွမ်းအင်နှင့် အခြားစွန့်ပစ်ပစ္စည်းများ၊ လောင်စာများကနေ ထုတ်ယူသုံးစွဲကြရာမှာ မိမိနိုင်ငံမှာရှိသော အားသာချက်၊ အားနည်းချက်များကိုကြည့်၍ စီမံခန့်ခွဲနေကြရပါသည်။ မည်သည့် အရင်းအမြစ်မှ ထုတ်ယူသည်ဖြစ်စေ ကောင်းကျိုး၊ ဆိုးကျိုးများက ဒွန်တွဲနေမြဲဖြစ်ပါသည်။ ကောင်းကျိုးသာရပြီး ဆိုးကျိုးလုံးဝမရှိသော လျှပ်စစ်ထုတ်လုပ်မှုဟူ၍ ကမ္ဘာတွင် လုံးဝမရှိပါ၊ ရှိလည်းမရှိနိုင်ပါ။

**မြန်မာနိုင်ငံသည် လျှပ်စစ်အရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံစာရင်းဝင်ဖြစ်**

ကမ္ဘာပေါ်မှာ ကျောက်မီးသွေးနှင့် ရေအားလျှပ်စစ်စက်ရုံတွေ အများဆုံးရှိသော နိုင်ငံကြီးများက မြန်မာနိုင်ငံကို ကုန်ကျစရိတ်သက်သာသည့် ကျောက်မီးသွေးရော ရေအားပါ မထုတ်စေချင်ဘဲ Environmental effect များနှင့် ခြိမ်းခြောက်ကာ မည်သည့်လျှပ်စစ်မျိုးကိုမှမထုတ်စေလိုဘဲ မည်သည့်အတွက် ဖယောင်းတိုင်မီးဖြင့်သာနေစေချင်ပါသလဲ ဆိုသည်ကိုတော့ မြန်မာပြည်သူများကို ချစ်လို့နေမှာပါဟုပဲ ကျွန်တော်ကပြောချင်ပါသည်။ မြန်မာပြည်သူတွေအနေဖြင့် မီးကို လုံလုံလောက်လောက် သက်သက်သာသာနှင့် သုံးမှာလား၊ သူများပါးစပ်ဖျား လမ်းဆုံးမှာလားဆိုသည်ကို မြန်မာပြည်သူများကသာ ရွေးချယ်ပေးကြရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ရေအားလျှပ်စစ်အရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံစာရင်းဝင်ဖြစ်ပြီး ကမ္ဘာ့အဆင့် ၁၄ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၅ ခုနှစ်တည်းက တိုင်းတာစစ်ဆေးတွေ့ရှိချက်များအရ ရေအားအရင်းအမြစ်မှ ၄၅၀၀၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ၇ ရာခိုင်နှုန်းကျော်ကျော်ခန့်ကိုသာ လက်ရှိထုတ်လုပ်နိုင်သေးခြင်း ဖြစ်ပါသည်။ အမှန်တကယ်ထုတ်ယူသုံးစွဲနိုင်မည်ဆိုလျှင် တစ်ကိုယ်လုံး စိန်စီထားသလို လျှပ်စစ်ဓာတ်အားကို တစ်နိုင်ငံလုံး လင်းထိန်နေအောင် လွှတ်ပေးထားလို့ရသည်ဟု ပြောနိုင်သောနိုင်ငံတစ်ခု ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်များစွာ ထွက်ရှိနိုင်မည်ဖြစ်၍ မူလကတည်ဆောက်ရန် လျာထားစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သော ချင်းတွင်းမြစ်ပေါ်ရှိ ရွှေစာရေးရေအားလျှပ်စစ်စီမံကိန်း၊ ထမံသီရေအား လျှပ်စစ်စီမံကိန်း၊ သံလွင်မြစ်ပေါ်ရှိ တာဆန်းရေအားလျှပ်စစ်စီမံကိန်းနှင့် ဧရာဝတီမြစ်ပေါ်ရှိ မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းများသည် ကန့်ကွက်ခံရမှုနှင့် အခြားသော အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တည်ဆောက်နိုင်ခြင်းမရှိဘဲ ရပ်တန့်ခဲ့ရခြင်းများသည်လည်း ယခုကဲ့သို့ ဓာတ်အားမလုံမလောက် ဖြစ်စေခဲ့ရသော အဓိကအကြောင်းရင်းများဖြစ်သည်ကို ပြည်သူများ နားလည်သိရှိကြစေလိုပါသည်။

ယခုအချိန်သည် နွေရာသီကာလ၏ အပူဆုံးအချိန်များဖြစ်ရာ ရေလှောင်ကန်များတွင် ရေခန်းလာပြီဖြစ်ပါသည်။ မိုးရာသီကာလတွင် ဆည်များရေအပြည့်ဝင်တာရှိသလို မဝင်တာတွေလည်း ရှိခဲ့ပါသည်။ မိုးအကုန်ကစပြီး ဖြည်းဖြည်းချင်း ထိန်းသိမ်းချွေတာမောင်းနှင်လာခဲ့ရသည့်ရေများသည် ယခုလို နွေရောက်ချိန်မှာ Level တစ်ခုအထိ ကျဆင်းနေမည်မှာ အသေအချာပင်ဖြစ်ပါသည်။ နောက်နှစ်မိုးရာသီရေရချိန်အထိ ထိန်းသိမ်းမောင်းနှင်ရသည့်အတွက် ရေအားစက်ရုံများတွင် ထွက်ရှိလာသော မဂ္ဂါဝပ်များ နည်းလာသဖြင့် ဝန်အားပိုမိုထိန်းညှိနေကြရပါသည်။ နေ့ဘက်ဝန်အား လျော့ပြီး ညဘက်တိုးမောင်းပါ၊ ဟိုလိုလုပ်ပါ၊ သည်လိုလုပ်ပါ စသည်ဖြင့် ပြည်သူတို့ အသံမျိုးစုံကိုလည်းကြား နေရပါသည်။ မီးတွေပျက်လို့ လူတွေစိတ်ညစ်သောကရောက်နေကြရသည်ကိုလည်း ၂၀၂၄ ခုနှစ်ဆန်းပိုင်း ကျွန်တော်ကိုယ်တိုင်မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းတာဝန်ထမ်းဆောင်ခဲ့ရသဖြင့် ထပ်တူခံစားနားလည်မိပါသည်။ သို့သော် ဝန်အားမနိုင်ဖြစ်နေသည်ကိုမည်သို့ လုပ်ဆောင်ရပါမည်လဲ၊ ထွက်ရှိသည်ကနည်းပြီး သုံးချင်နေသည်က များနေသည်ကို မည်သို့ဆောင်ရွက်ရပါမည်လဲ၊ ပြည်သူများမိမိဘာသာ စဉ်းစားကြစေလိုပါသည်။

**အုပ်စုများခွဲ၍ ဖြန့်ဖြူးပေးလျက်ရှိ**

အထက်ဖော်ပြပါအခြေအနေများအရ ထုတ်လုပ်နိုင်မှုနှင့် သုံးစွဲအချိုးအစားအပေါ်အခြေခံ၍ ရန်ကုန်တိုင်းဒေသကြီးသို့ ၄၆ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးသို့ ၁၆ ရာခိုင်နှုန်းနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ၃၈ ရာခိုင်နှုန်းကို အချိုးကျခွဲဝေပို့လွှတ်ခဲ့ပြီး သုံးစွဲသူပြည်သူများ အဆင်ပြေစေရန်အတွက် အုပ်စုများခွဲ၍ အချိန်အပိုင်းအခြားအလိုက်ခွဲဝေ ဖြန့်ဖြူးပေးလျက်ရှိနေခြင်းသာဖြစ်ပြီး ဓာတ်အားထုတ်လုပ်နိုင်မှုအရ အချိုးကျအချိန်အပိုင်းအခြား အလိုက်ခွဲဝေဖြန့်ဖြူးနေသော်လည်း ရုတ်တရက်မြင့်မားလာသည့် သုံးစွဲမှုအခြေအနေအရ တစ်ခါတစ်ရံ သတ်မှတ်ကြိမ်နှုန်း (Frequency) အောက်ရောက်ရှိသွားပါက ဓာတ်အားစနစ်အတွင်းရှိ ထရန်စဖော်မာများ၊ ဓာတ်အားထုတ်လုပ်သည့် စက်များကို ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ဗဟိုအမျိုးသားဓာတ်အားကွပ်ကဲရေးဌာန (National Control Centre)မှ အရေးပေါ်ဝန်အားလျှော့ချရန်အတွက် ဓာတ်အားဖြတ်တောက်ရခြင်းများကို မဖြစ်မနေပြုလုပ်ရကာ ပုံမှန်ခွဲတမ်းအရ ရရှိမည့် ဓာတ်အားရရှိချိန်အတွင်း တိုက်ဆိုင်စွာ ဖြတ်တောက်ခဲ့ရပါက ပြတ်တောက်ချိန်မှာ ပိုမိုရှည်ကြာခြင်းများ ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့တွင် မီးနည်းနည်းအချိန်စော၍ ပြန်ပေးသည်ကိုလည်း ဝန်အားနိုင်လို့ဟု ထင်နေသူအချို့ကလည်း ရှိသည်။ ဇွနာရီအထိမှယူရင် စုပြုံသုံးလို့ ဝန်အား ဆောင့်တက်လာပြီး System Break down မဖြစ်အောင်နည်းနည်းစော၍ ဓာတ်အားပေးပြီး System Stability ဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေရခြင်းသာ ဖြစ်ပါသည်။ ဓာတ်အားသုံးစွဲမှုလျော့လာ၍ မီးပိုပေးနိုင်လာခြင်းလည်း လုံးဝမဟုတ်ပါ။

မည်သို့ပင် အခက်အခဲများစွာကြုံတွေ့နေရစေကာမူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လက်ရှိဓာတ်အားလျော့နည်းရရှိနေသည့် အခြေအနေများ၊ လျှပ်စစ်ဓာတ်အား မကြာခဏပြတ်တောက်နေမှုများကို ကျော်လွှားလွန်မြောက်နိုင်စေရန် ဘက်ပေါင်းစုံမှ လျှပ်စစ်ဝန်ထမ်းများ၏ အသက်၊သွေး၊ချွေး၊ နည်းပညာများစွာ ရင်းနှီးပေးဆပ်၍ အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးလျက်ရှိရာ မဝေးလှသော အချိန်ကာလတစ်ခုတွင် ပြည်သူတို့အတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို အပြည့်အဝရရှိစေနိုင်မည်ဖြစ်ပါသည်။ ထိုသို့ မည်မျှခက်ခဲကြမ်းတမ်း၍ အသက်အန္တရာယ်စိုးရိမ်နေရသည်ဖြစ်စေ ပြည်သူများလျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးကိုသာ အဓိကရည်မှန်းချက်ထားပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဝန်ထမ်းများအားလုံးမှ တညီတညွတ်တည်း တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း ပြည်သူများ သိရှိနိုင်ကြစေရန် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ။

# အသက် ၇၀ အရွယ် တရုတ်နိုင်ငံသား ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်ရောက်

လာဆာ မေ ၂၄

အသက် ၇၀ အရွယ် တရုတ်တောင်တက်သမား တစ်ဦးဖြစ်သည့် ဝမ်ကျန်းသည် ချိုမိုလန်းမား တောင်ထိပ် (ဧဝရက်တောင်ထိပ်) သို့ မေ ၂၃ ရက်က အောင်မြင်စွာတက်ရောက်နိုင်ခဲ့ပြီး အဆိုပါ တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်သည့် အသက်အကြီးဆုံး တရုတ်နိုင်ငံသား တောင်တက် သမားတစ်ဦးဖြစ်လာခဲ့ကြောင်း တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ရှီစန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တောင်တက်အဖွဲ့က ပြောကြားသည်။

ဝမ်နှင့် ၎င်း၏တောင်တက်အဖွဲ့သည် မေ ၂၃ ရက်က မီတာ ၅၂၀၀ အကွာရှိ အခြေစိုက်စခန်းသို့ ဘေးကင်းစွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဝမ်သည် တရုတ်နိုင်ငံ၏ မျိုးရိုးဗီဇကုမ္ပဏီကြီး ဘီဂျီအိုင်အုပ်စု၏ ဒါရိုက်တာဘုတ်အဖွဲ့ ပူးတွဲ တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သည်။ ၎င်းသည် ၂၀၁၀ ပြည့်နှစ် မေလတွင် အဆိုပါတောင်ထိပ်သို့ တောင်ဘက် တောင်တက်လမ်းကြောင်းမှ အောင်မြင်စွာတက်ရောက်နိုင်ခဲ့ပြီးနောက် ယခု အကြိမ်သည် ဒုတိယအကြိမ် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

၎င်း၏ ဘီဂျီအိုင်တောင်တက်အဖွဲ့သည် ယခုနှစ် ဧပြီ ၁၈ ရက်က ဧဝရက်တောင်တက် အခြေစိုက်စခန်းသို့ရောက်ရှိခဲ့ပြီး မြောက်ဘက် တောင်တက်လမ်းကြောင်းမှ တက်ရောက် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ဆင်ဟွာ



ဝမ်ကျန်း(ရှေ့) နှင့် ၎င်း၏အဖွဲ့များ ချိုမိုလန်းမားတောင်ပေါ်ရှိ အခြေစိုက်စခန်းသို့ မေ ၂၃ ရက်က ရောက်ရှိစဉ်။

# အစ္စရေးဝန်ကြီးချုပ်ကို အမေရိကန်နိုင်ငံသို့ မကြာမီဖိတ်ခေါ်သွားမည်ဟု အမေရိကန်အောက်လွှတ်တော် ဥက္ကဋ္ဌပြော

ဝါရှင်တန် မေ ၂၄

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကို မကြာမီအချိန်အတွင်း အမေရိကန်သို့ ဖိတ်ခေါ်သွားမည်ဟု အမေရိကန်အောက်လွှတ်တော်



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု။

ဥက္ကဋ္ဌ မိုက်ဂျွန်ဆင်က ပြောသည်။ ဂျွန်ဆင်က မေ ၂၃ ရက်တွင် ဝါရှင်တန်ရှိ အစ္စရေးသံရုံးတွင် ပြုလုပ်သော ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ အစ္စရေး ဝန်ကြီးချုပ် နေတန်ယာဟုကို လွှတ်တော်သို့ဖိတ်ခေါ်သွားမည်ဟု ၎င်းက ပြောကြားခဲ့သည်။ သို့သော်လည်း ဖိတ်ခေါ်မည့်ရက် အတိအကျကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိချေ။ အစ္စရေးနိုင်ငံအပေါ် ခိုင်မာသော ထောက်ခံမှုကိုပြသရန် ဖိတ်ခေါ်ခြင်းဖြစ်လာမည်ဟု ၎င်းက အလေး အနက်ထားပြောကြားခဲ့သည်။ ထို့သို့ဆောင်ရွက်ခြင်းသည် အစ္စရေးနှင့် အမေရိကန်တို့ ခိုင်မာသောဆက်ဆံရေးကို ပြသလိုခြင်းဖြစ်သည်။

သို့သော်လည်း အစ္စရေး၏မူဝါဒအပေါ် အမေရိကန်တို့က သဘောထား ကွဲလွဲနေကြသောကြောင့် ဂျွန်ဆင်၏မိန့်ခွန်းမှာ အချေအတင်ဖြစ်ဖွယ် ရှိသည်။ ဟားမားစ်တို့အပေါ် အစ္စရေးတို့က စစ်ဆင်ရေးများ လုပ်ဆောင် နေစဉ် ဂါဇာကမ်းမြောင်ဒေသတွင် အရပ်သားများ သေဆုံးမှုအရေအတွက် ပို၍တိုးလာနေသည်။ အင်န်အိတ်ချ်ကေ

# ပါပူအာနယူးဂီနီ၌ မြေပြိုမှုကြောင့် ၁၀၀ ကျော် သေဆုံး

မော့စဘီ မေ ၂၄

ပါပူအာနယူးဂီနီနိုင်ငံမြောက်ပိုင်း တောင်တန်းထူထပ်သည့်နေရာတွင် ကြောက်မက်ဖွယ်မြေပြိုမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၀၀ ကျော် သေဆုံး ဖွယ်ရှိသည်ဟု ဩစတြေးလျရုပ်သံဌာနဖြစ်သည့် အေဘီစီနှင့်အခြား သောမီဒီယာများတွင် ဖော်ပြထားသည်။

နိုင်ငံမြို့တော် မော့စဘီဆိပ်ကမ်းမြို့ အနောက်မြောက်ဘက် ၆၀၀ ကီလိုမီတာအကွာတွင် သဘာဝဘေးဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး မေ ၂၄ ရက် နံနက်ပိုင်းက မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြေပြိုမှုကြောင့် လမ်းများပိတ်ဆို့လျက်ရှိပြီး ပျက်စီးဆုံးရှုံးမှုကို တွက်ချက်နေဆဲဖြစ်သည်ဟု ပြည်နယ်အရာရှိတစ်ဦးက အင်န် အိတ်ချ်ကေသို့ ပြောသည်။ အာဏာပိုင်များက အတည်ပြုထားခြင်း မရှိသေးသော်လည်း သေဆုံးသူဦးရေမှာ ၁၀၀ ကျော်နိုင်သည်ဟု ဒေသခံ များက ခန့်မှန်းထားသည်။

သေဆုံးသူဦးရေမှာ ယင်းထက်လည်း ပိုများလာနိုင်သေးသည် ဟု ကျေးရွာသားတစ်ဦးက ပြောသည်။ မြေပြိုမှုဒဏ်ကို ကျေးရွာ ခြောက်ရွာတွင် ထိခိုက်ခံစားခဲ့ရသည်ဟု အာဏာပိုင်များက ပြော သည်။ အင်န်အိတ်ချ်ကေ

# အမေရိကန်စစ်ရေးလေ့ကျင့်မှုတွင် ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ ပါဝင်မည်

တိုကျို မေ ၂၄

လာမည့် ဇွန်လတွင်ပြုလုပ်မည့် အမေရိကန်တပ်ဖွဲ့များ၏ အကြီးစား စစ်ရေးလေ့ကျင့်မှုတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ ပထမဆုံးအကြိမ် ပါဝင်မည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ဌာနက ပြောကြားသည်။

ဟာဝိုင်ယီ၊ ဂူအမ်ကျွန်း၊ ဖိလစ်ပိုင်နှင့် ဂျပန်နိုင်ငံတို့၌ ဇွန်လအစောပိုင်းတွင် နှစ်ပတ်ကြာကျင်းပမည့် Valiant Shield ဟု ခေါ်သည့် စစ်ရေးလေ့ကျင့်မှုတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့များပါဝင်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက မေ ၂၄ ရက်တွင် ကြေညာသည်။ အိုကီနာဝါနှင့် ရှိကိုကုတို့မှလွဲ၍ ကျန်ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့ပိုင် အဆောက်အအုံများတွင် ပူးတွဲစစ်ရေး လေ့ကျင့်မှုအချို့ကို လက်ခံကျင်းပမည်ဖြစ်သည်။

အမေရိကန်တိုက်လေယာဉ်များသည် အာအိုမိုရီ စီရင်စုရှိ ဟာချီ နိုဟဲလေတပ်စခန်းနှင့် မီယာဂီစီရင်စုရှိ မတ်ဆုရှီမာ လေတပ်စခန်းတို့ တွင်လည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် ဂျပန်-အမေရိကန် မဟာမိတ် အဖွဲ့များ၏ ကာကွယ်ရေးစနစ် ပိုမိုအားကောင်းလာစေရန်နှင့် စိတ်တူကိုယ်တူ မဟာမိတ်နိုင်ငံများအကြား မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်နိုင်မည့် အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ကီဟာရာ မီနိုရုက ပြောသည်။ အင်န်အိတ်ချ်ကေ

# လာအိုနှင့် အာရှဖွံ့ဖြိုးရေးဘဏ်အကြား မိတ်ဖက်မဟာဗျူဟာသစ် စတင်

ဗီယင်ကျန်း မေ ၂၄

လာအိုနိုင်ငံ၏ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုး ရေးဘဏ် (အေဒီဘီ) တို့အကြား လာအိုနိုင်ငံအတွက် ရေရှည်တည်တံ့ ခိုင်မြဲသော စီးပွားရေးအခြေခံအုတ်မြစ်များ ခိုင်မာစေရန် ရည်ရွယ်သည့် မိတ်ဖက် မဟာဗျူဟာအသစ်ကို စတင်လိုက်ပြီဖြစ်သည်။

၂၀၂၄-၂၀၂၈ ခုနှစ်ကာလအတွင်း အကျုံးဝင်သည့် မဟာဗျူဟာ သစ်သည် လာအိုအစိုးရ၏ ငါးနှစ် အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်း ၂၀၂၁-၂၀၂၅ နှင့်ကိုက်ညီကြောင်း စီမံကိန်းနှင့် ရင်းနှီး မြှုပ်နှံမှု ဒုတိယဝန်ကြီး ဖုန်းဗန်းအောဟွန်က မေ ၂၄ ရက်တွင် လာအို အမျိုးသားရေဒီယိုက ပြောကြားသည်။

မိတ်ဖက်မဟာဗျူဟာသည် လာအိုအစိုးရနှင့် အေဒီဘီတို့၏ ရေရှည် တည်တံ့သော စီးပွားရေးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ကာကွယ် ရေးနှင့် လာအိုပြည်သူများ၏ သာယာဝပြောမှုမြှင့်တင်ရေး အပါအဝင် လာအိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်ရာတွင် ပူးပေါင်း ဆောင်ရွက်ရန် အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း ဖုန်းဗန်းက ပြောကြားသည်။

မဟာဗျူဟာအစီအစဉ်ဖြင့် လာအိုနိုင်ငံ၏ စိုက်ပျိုးရေး၊ သဘာဝ အရင်းအမြစ်စီမံခန့်ခွဲမှု၊ ညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစသည့် အဓိကကဏ္ဍများတွင် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုနှင့် အသိပညာများ ပံ့ပိုးပေးသွား မည်ဖြစ်သည်။ ဆင်ဟွာ

# မစ်ဆူဘီရှီနှင့် အိုက်စင်တို့ပူးပေါင်း၍ လျှပ်စစ်ကားဖက်စပ်လုပ်ငန်း ထူထောင်ရန် သဘောတူ

တိုကျို မေ ၂၄

မစ်ဆူဘီရှီလျှပ်စစ်နှင့် မော်တော်ယာဉ်အစိတ်အပိုင်းများ အဓိက တင်သွင်းသည့် အိုက်စင်ကုမ္ပဏီ တို့ ပူးပေါင်း၍ EV (လျှပ်စစ်ကား) မျိုးဆက်သစ်ထုတ်ကုန်များ ထုတ် လုပ်သွားရန်အခြေခံသဘောတူညီ မှုများ ရရှိထားပြီဟု သိရသည်။ ဖက်စပ်ထူထောင်မည့် ကုမ္ပဏီ သစ်သည် မော်တာများ၊ လျှပ်စစ် နှင့် ဟိုက်ဘရစ်ကားများအတွက် အခြားသော အစိတ်အပိုင်းများ ထုတ်လုပ်သွားမည်ဟု မစ်ဆူဘီရှီ နှင့် အိုက်စင်ကုမ္ပဏီတို့က ပြော သည်။

မစ်ဆူဘီရှီဘက်မှ အစုရှယ် ယာ ၆၆ ရာခိုင်နှုန်းပိုင်ဆိုင်မည် ဖြစ်ပြီး အိုက်စင်ဘက်မှ ကျန်ရှိ



သောရှယ်ယာများကို ပိုင်ဆိုင်မည် ဟု စီစဉ်ထားသည်။ ကုမ္ပဏီကြီး သည် ပြီးခဲ့သည့်လက ၎င်း၏ကား အစိတ်အပိုင်း ထုတ်လုပ်ရေး လုပ်ငန်းကို ဖြတ်တောက်မှုများ လုပ်ဆောင်ခဲ့သည်။ လုပ်ငန်း အချို့ကို ခွဲထုတ်ကာ ကုမ္ပဏီသစ်က လက်လွှဲယူမည်ဖြစ်သည်။

မစ်ဆူဘီရှီ၏ အားသာချက် မှာ ပါဝါစက်များနှင့် အင်ဗာတာ များတွင်ဖြစ်သည်။ အိုက်စင် ကုမ္ပဏီသည် လျှပ်စစ်ကားများကို စွမ်းအင်ပေးသည့် အဓိက မော်တာ အပါအဝင် လျှပ်စစ်ယူနစ်များကို ထောက်ပံ့ပေးသည်။ လျင်မြန်စွာ တိုးတက်မှုဖြစ်ပေါ်နေသည့် လုပ် ငန်းတွင် ဖက်စပ်လုပ်ကိုင်ခြင်းဖြင့် ၎င်းတို့၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ဂျပန်ကုမ္ပဏီများက မျှော်လင့်ထားသည်။ အင်န်အိတ်ချ်ကေ

# မြောင်းမြမြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး အကြီးစားပြုပြင်တည်ဆောက်ပြီးစီး

**မြောင်းမြ မေ ၂၄**
ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့ကျက်သရေဆောင် သာသနာ့ ဗိမာန်တော်ကြီး အကြီးစားပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးခြင်း ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို မေ ၂၃ ရက်က အမှတ် (၄) ရပ်ကွက် သာသနာ့ဗိမ္မာန်တော်ကြီး၌ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် သာသနာ့ဗိမာန် မတည်အလှူရှင် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင့်ဆန်းတို့က ဖဲကြိုးဖြတ်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ (ယာပုံ)

**တရားတော်များနာယူ**

ဆက်လက်၍ နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မြောင်းမြမြို့ ဇေယျမေဒနီစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒဝရ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ သံဃာတော် အရှင်သူမြတ်တို့ထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သာသနာ့ဗိမာန်မတည်အလှူရှင်က သာသနာ့ဗိမာန်တော်ကြီး အကြီးစားပြင်ဆင်လှူဒါန်းရခြင်းနှင့် ဝမ်းမြောက်ပီတိစကားပြောကြားသည်။ ဆက်လက်၍ ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုအစုစုကို ဆက်ကပ်ပူဇော်လှူဒါန်းခဲ့ကြောင်း သိရသည်။



**ဇေယျာ (ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး၌ ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိ

**ထားဝယ် မေ ၂၄**
တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် ဆောင်ရွက်ပေးသည့်နေရာတွင် နယ်မြေဒေသ အေးချမ်းမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းရင်းသားများ၏ လိုအပ်ချက်များ တင်ပြလာမှုအပေါ်တွင်လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စတင်တာဝန်ယူစဉ်က ဖောင်းတောဒေသ၌ ဒေသခံတိုင်းရင်းသားများ သွားလာရေး အဆင်ပြေစေရေးအတွက် လမ်းများ ဖောက်လုပ်ထားပြီး ဖောင်းတော ရေအားလျှပ်စစ် ပြန်လည် လည်ပတ်အောင် ဆောင်ရွက်ရန် ဒေသအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာ၊ သက်သာသော ဈေးနှုန်းများဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ ယခုအချိန်အခါသည် ဒေသအတွင်း လျှပ်စစ်မီး လုံလောက်စွာနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရမည့်အချိန်အခါဖြစ်ကြောင်း၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် မွန်၊ ကရင်၊ ထားဝယ်၊ မော်ကယ် တိုင်းရင်းသားကိုယ်စားလှယ်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များက လမ်း၊ တံတား၊ တာတမံ၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီး၊ ဆိုလာမီး၊ အဆောက်အဦ၊ ထောက်ပံ့ရေး၊ သားငါး၊ သီးနှံကဏ္ဍ၊ စာသင်ကျောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၂၄**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချီလျက်ရှိသည်။

၂၅ - ၅ - ၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ်(၂၁)တွင် စွန့်ပစ်ပစ္စည်းများမှ အသွင်သစ်ဖြင့် ပြန်လည်အသုံးဝင်လာတတ်သည့် သဘောကို ချဉ်ပေါင်ရိုးလေးကို ပမာပြု၍ တင်ဆက်ထားသည့်“ရှင်သန်နေသော ချဉ်ပေါင်ရိုးလေးများ” မျက်နှာဖုံးကာတွန်း၊ ခေါင်းပွဦးချိုနှင့် ခေါင်းပိတ်ဦးချိုအကြောင်း ကလေးတို့ ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုရမည့် ဆရာ “ဦးချို” သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် “ရွှေသွေးတို့လက်ရာ” ကဏ္ဍ၊ သူငယ်ချင်းနှစ်ဦး ဆုံဖြစ်ကြရာ အပြန်အလှန် သဘောကောင်းဟန်ဆောင်ကြပုံအကြောင်း ရေးဖွဲ့ထားသည့် “လည်သူစားကြေး” နှစ်မျက်နှာကာတွန်း၊ ချွဲချွဲနှင့် ဂူဂဲဟူသည့် ခွေးမောင်နှမ၏ သခင်မိသားစုအပေါ် ထားရှိသည့် သူတို့၏ ဆန္ဒများအကြောင်း ရေးဖွဲ့ထားသည့် “သမီးလေးချွဲချွဲ” ပုံပြင်ကဏ္ဍ၊ စာမဆိုချင်သောကြောင့် နည်းလမ်းရှာလိုက်သော ဟန်သီမအကြောင်း တင်ဆက်ထားသည့် “ဟန်သီမ” တစ်မျက်နှာဟာသကာတွန်း၊ မြိတ်ခရိုင်တွင် တည်ရှိသည့် မြိတ်ကျွန်းစု၏ သဘာဝအလှများအကြောင်း ရေးဖွဲ့ထားသည့် ဆရာမင်းနီနိုင် (မောင်တော)၏ “မြိတ်ကျွန်းစု အလှ” ကဗျာကဏ္ဍ အပါအဝင် အင်္ဂလိပ်စာ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




❊ *ကျောဖုံးမှ*
ရေမိုင် ၂၇၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၃၁၀ ခန့်၊ သံတွဲမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၄၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၃၇၀ ခန့်၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဆာဂါကျွန်း၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၅၀ ခန့်နှင့် ကန်နင်းမြို့၏ တောင်ဘက် ရေမိုင် ၃၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊**
**ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၅ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၉ ဒသမ ဝ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်ဖြစ်သည်။

**နောက်နာရီ ၆၀ အတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ၂၅-၅-၂၀၂၄ ရက်နေ့ နံနက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ၂၆-၅-၂၀၂၄ ရက်နေ့ နံနက်အစောပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်ကာ ၂၇-၅-၂၀၂၄ ရက်နေ့ နံနက် အစောပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ ဆာဂါကျွန်းတို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ ၂၇-၅-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် ၂၄-၅-၂၀၂၄ ရက်နေ့မှ ၂၅-၅- ၂၀၂၄ ရက်နေ့အတွင်း တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၉ ပေမှ ၁၂ ပေ ခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် ၂၄-၅- ၂၀၂၄ ရက်နေ့တွင် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၉ ပေမှ ၁၃ ပေခန့်၊ ၂၅-၅-၂၀၂၄ ရက်နေ့မှ ၂၆-၅-၂၀၂၄ ရက်နေ့အတွင်း တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ကလောမြို့ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၂၂-၂၀၂၅)ပါ မဟာဗျူဟာအစီအစဉ်များကို အထူးဂရုစိုက် အကောင်အထည်ဖော်ကြရန်လိုအပ်

နေပြည်တော် မေ ၂၄

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ကလောမြို့ရှိ ခရီးသွားပြည်သူများ အပန်းဖြေအနားယူရန် ဆောင်ရွက်ထားရှိသည့် မောမြေဦး ပန်းခြံ၊ နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ အဆောက်အအုံတစ်ခုဖြစ်ပြီး သမိုင်းအမွေအနှစ်တစ်ခုလည်း ဖြစ်သည့် ကလောဘူတာသို့သွားရောက်ပြီး ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ သွားလာလည်ပတ် နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် Heritage Tourism ဖော်ဆောင်သွားနိုင်မည့်အခြေအနေများ၊ Maluca Villa သို့သွားရောက်ပြီး ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေး ပြင်ဆင်ထားရှိမှု၊ Maluca နာမည်ဖြင့် အဆင့်အတန်းမီ သဘာဝလူသုံးကုန်ပစ္စည်း ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့ ကလောဂါးဒင်းဟိုတယ်၌ ကျင်းပသည့် ကလောမြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့များ၊ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ကလောခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုဖိုရမ်အား ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရာတွင် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့(DMO)များ၏ အခန်းကဏ္ဍမှာ အရေးကြီးပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism) ၏ အစီရင်ခံစာအရ ကမ္ဘာနှင့်အဝန်း ခရီးစဉ်ဒေသများသို့ နိုင်ငံတကာခရီးသည် ရောက်ရှိမှုမှာ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့ နှိုင်းယှဉ်ပါက ၃၄ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံသို့ ဝင်ရောက်မှုမှာလည်း တိုးတက်ခဲ့ပါကြောင်း၊ ကလောမြို့သို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာလည်း တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ကလောမြို့ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၂၂-၂၀၂၅) ပါ မဟာဗျူဟာအစီအစဉ်များကို အထူးဂရုစိုက်အကောင်အထည်ဖော်ကြရန် လိုအပ်ပါကြောင်း၊ စီမံကိန်းမှာ ဒေသခံတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့ (DMO) များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယနေ့ကျင်းပသော ဖိုရမ်မှ တစ်ဆင့် ကလောမြို့ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးဖော်ထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်အတွင်း ခရီးစဉ်ဒေသများနှင့် ခရီးသွားလုပ်ငန်းအမျိုးအစားများ ဖော်ထုတ်ထားရှိမှု၊



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ကလောမြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ပြည်နယ်အတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့်အတူ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့သွားရောက်၍ ဘုရားဖူးခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်မှု၊ မြင်းကကျေးရွာရှိ အပန်းဖြေခရီးသွားလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ဗျိုက်တောင် View Point နေရာများသို့သွားရောက်ပြီး အပန်းဖြေခရီးသွားလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ နန်းသဲကျေးရွာရှိ Kalaw Glamping Adventure Tourism Site သို့သွားရောက်ကာ ခရီးသွားဧည့်သည်များအတွက် ဘေးအန္တရာယ်ကင်းစွာ စွန့်စားခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ထားရှိမှုနှင့် အပန်းဖြေခရီးသွားလုပ်ငန်း ဖော်ဆောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Kalaw Hill Lodge Hotel သို့သွားရောက်ပြီး ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝက်ဖြူရေ ကျေးရွာအုပ်စု ရေယောင်းမကျေးရွာအား ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ထားရှိသောအခြေအနေများ၊ ခရီးသွားဧည့်သည်များ ကျေးရွာအတွင်း လာရောက်လည်ပတ်နိုင်ရေး ပြင်ဆင်ထားရှိမှု၊ ခရီးသွားဧည့်သည်များ တောတောင်ရေမြေသဘာဝအလှအပများ ကြည့်ရှုခံစားနိုင်စေရန် View Point များ၊ အပန်းဖြေစခန်းများ စီစဉ်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနား အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပ

မန္တလေး မေ ၂၄



၂၀၂၄-၂၀၂၅ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၄ ရက် နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ၊ အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသားကျောင်းသူများက တိုင်းနိုင်ငံအားလုံး ကျောင်းအပ်ကြစို့ကွယ် ဂုဏ်ပြုသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ စည်ပင်သာယာရေးဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး ပညာရေးမှူးတို့က နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသည့် အခြေခံပညာ မူလတန်းအဆင့်တွင် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကိုလည်းကောင်း၊ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့်တွင် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကိုလည်းကောင်း သက်ဆိုင်ရာခရိုင်ပညာရေးမှူးများထံပေးအပ်သည်။

ယင်းနောက် စေတနာရှင် အလှူရှင်များက လှူဒါန်းငွေများကို ပေးအပ်ရာ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက လက်ခံယူပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျောင်းအပ်နှံဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

အကြောင်းအမျိုးမျိုးကြောင့် အခြားဒေသများမှ ပြောင်းရွှေ့ရောက်ရှိလာသော ကျောင်းသားကျောင်းသူများအား အခက်အခဲမရှိ ကျောင်းအပ်နှံရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးရုံးများတွင် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်းစဉ်**

# လျှပ်စစ်သုံးယာဉ်များနှင့် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် မေ ၂၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DAYUN YUEHU S1 (VIP EDITION) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Aung Gabar Motor Services Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX ALPHA T5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် တရုတ်နိုင်ငံထုတ် ARCFOX အမျိုးအစား လျှပ်စစ်သုံးယာဉ် အားသွင်းစက်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၄

နေပြည်တော်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့

**ဒေါက်တာချိုချိုဝင်း(အခြေခံပညာ)**
**အခြေခံပညာဦးစီးဌာန**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တစ်နှစ်တာကို ဖြတ်ကျော်ခဲ့ပြီးနောက် မကြာမီ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကာလကို ရောက်ရှိတော့မည်ဖြစ်ပါသည်။ ပညာရေးသည် ရပ်တန့်၍ရသောအရာ မဟုတ်သည့် လူတို့၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့် ဖြစ်စဉ်ဖြစ်သည်ကို ပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ ၂၁ ရာစုခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ ဘဝခရီးဖြတ်သန်းရာတွင် ပညာသည် အဆုံးအဖြတ်တစ်ခုဖြစ်သည့် ခေတ်ရေစီးကြောင်းနှင့်အညီ လိုက်ပါစီးမျောရန်မှာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ ပညာတတ်ဖြစ်ရေးပင်ဖြစ်သည်။ လူငယ်များ မိမိတို့၏ဆန္ဒ၊ မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက် ကလေးဘဝမှစ၍ ပညာကို အပတ်တကုတ် ဆည်းပူးလေ့လာရန် လိုအပ်သကဲ့သို့ ပညာဆည်းပူးလေ့လာသင်ယူရာတွင် စာသင်ကျောင်းသည် အကောင်းဆုံး၊ အသင့်တော်ဆုံး ပညာသင်ယူရာဌာနဖြစ်၍ ပညာပေးရာစာသင်ကျောင်းသို့ ကျောင်းနေအရွယ်ကလေးအားလုံးရောက်ရှိရန်မှာ အလွန်အရေးကြီးပေသည်။

**လူကောင်းလူတော်ဖြစ်အောင် ပုံသွင်းသည့်နေရာ**

ကျောင်းဟူသည် ကျောင်းသားလူငယ်များကို အမှားလုပ်ခြင်းမှ လျော့နည်းစေရန် ထိန်းကျောင်းသည့်နေရာဖြစ်၍ လူကောင်းလူတော်ဖြစ်အောင် ပုံသွင်းသည့်နေရာလည်းဖြစ်သည့် အလျောက် ကျောင်းတက်ရောက်ခြင်းဖြင့် မိမိစာသင်ခန်း၊ မိမိကျောင်းကို မိမိ၏ ကိုယ်ပိုင်ပတ်ဝန်းကျင်အဖြစ် သိမြင်လာကြစေရန်နှင့် စာသင်ခန်းအတွင်း၊ ကျောင်းအတွင်း လူအများနှင့် မည်သို့ပူးပေါင်းဆောင်ရွက်နိုင်သည်ကို သိမြင်ဆောင်ရွက်တတ်ရန်ဖြစ်သည်။ ထိုသို့ဖြစ်လာစေရန် ကျောင်းက အစပျိုးလေ့ကျင့်ပေးခြင်းဖြင့် အသင်းအဖွဲ့များ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် စုပေါင်းဆောင်ရွက်နေထိုင်တတ်သော အလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့အပြင် ကျောင်းကို မိမိပတ်ဝန်းကျင်အဖြစ် လက်ခံလာစေခြင်းဖြင့် ပြဿနာများပေါ်ပေါက်လာပါက ကိုင်တွယ်ဖြေရှင်းရမည့် နည်းလမ်းအဖုံဖုံတို့ကို ကျောင်းသားအချင်းချင်း၊ ဆရာနှင့် ကျောင်းသား ပူးပေါင်းဆွေးနွေးကာ အဖြေရှာလာနိုင်မည်ဖြစ်၍ ကျောင်းသည် ပြဿနာများဖြေရှင်းရန်အတွက် နည်းလမ်းကောင်းများ ဖော်ထုတ်ပေးနိုင်သည့် အရင်းအမြစ်တစ်ခုပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရေး၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် "တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေး" ကို ဦးတည်လေ့ကျင့်ပေးရန်ဟူသော ရည်မှန်းချက်နှင့်အညီ ပညာရေးကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာသင်ယူတတ်မြောက်ရန်အတွက် ကျောင်းသည် အဓိက ပညာပေးရာ နေရာတစ်ခုဖြစ်သကဲ့သို့ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်ရန်အတွက် အခြေခံကျကျ ပြုစုပျိုးထောင်ပေးသည့် အဖွဲ့အစည်း (Institution) တစ်ခုလည်း ဖြစ်ပေသည်။ ဗလငါးတန်နှင့်ပြည့်စုံသော နိုင်ငံ့သားကောင်းများ ဖြစ်မြောက်လာစေရန် အခြေခံပညာမူလတန်းဆင့်၊ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့်တို့တွင် အဆင့်အလိုက် သင်ယူသူတို့၏ "ဗီဇ"၊ "အထုံ"၊ "ဝါသနာ"၊ "စိတ်ဝင်စားမှု"၊ "စိတ်အားထက်သန်မှု" တို့အလျောက် သင်ယူသူ တစ်ဦးချင်းစီအလိုက် သင်ယူမှုစွမ်းရည်အရ ကြိုးကုတ်အားထုတ် သင်ယူနိုင်မည့် အခွင့်အလမ်းကောင်းများကိုလည်း ကျောင်းဟူသည့် အဖွဲ့အစည်းမှ စနစ်တကျ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ မေ ၂၃ ရက်တွင် ကျောင်းအပ်နှံ လက်ခံခြင်းများကို ကျောင်းဆရာမများက စတင်ဆောင်ရွက်ပေးစဉ်။ ကျော်မိုး(ပြန်/ဆက်)

> ❍ **ပညာသင်ကြားရမည့်အရွယ် ကလေးများ စာသင်ခန်းတွင်မရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိသွားပါက အတုမြင် အတတ်သင်ခြင်းဖြင့် မူးယစ်ဆေးဝါးများ သုံးစွဲတတ်လာခြင်း၊ အရွယ်မတိုင်မီ ဖို/မ ဆိုင်ရာ လိင်ကိစ္စများအပေါ် စိတ်ရောက်ရှိလာခြင်း၊ ဖုန်း၊ အင်တာနက် အစရှိသည့် လူမှုကွန်ရက်များကို အကျိုးရှိရှိ သုံးစွဲခြင်းမရှိဘဲ အတုမယူသင့်သည့် အရာများကို အတုယူသည့်အတွက် အရွယ်မတိုင်မီ လမ်းမှားရောက်တတ်ခြင်း၊ ဂိမ်းများ အလွန်အကြူးဆော့ကစားခြင်း၊ လမ်းပေါ်တွင် တောင်းရမ်းစားသောက်၍ လေလွင့်နေခြင်း၊ အရွယ်မတိုင်မီ ကလေးအလုပ်သမားဘဝသို့ ရောက်ရှိလာခြင်း အစရှိသည့် မမျှော်မှန်းနိုင်သည့် ဆိုးကျိုးများကို ရင်ဆိုင်ကြုံတွေ့လာနိုင်**

**ပညာတတ်များပေါ်များရေးကို အလေးအနက်ထား**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ပညာတတ်များပေါ်များရေးကို အလေးအနက်ထားလျက် ပညာရေးဝန်ကြီးဌာနသည် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိရေး၊ အသိပညာ၊ အတတ်ပညာများနှင့်ပြည့်စုံသော ပညာတတ်များပေါ်များရေး၊ သင်ကြားသင်ယူမှုအဆင့်မြှင့်တင်ရေး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုအားပေးရေးမူဝါဒကိုအခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောင်းနေအရွယ်ကလေးအားလုံး အနည်းဆုံး အလယ်တန်းဆင့် (KG+9) ပြီးမြောက်ပါက သက်မွေးပညာသင်ယူရန် အခြေခံရရှိသွားမည်ဖြစ်သည့်အတွက် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများဖြစ်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများသို့ တက်ရောက်လိုပါက တက်ရောက်နိုင်ရန်လည်း အခွင့်အလမ်းကောင်းများ ဖော်ထုတ်ဆောင်ရွက်လျက်ရှိပါသည်။

ဤကဲ့သို့ အခြေခံပညာ၊ သက်မွေးပညာနှင့် အဆင့်မြင့်ပညာရပ်များကို သင်ယူနိုင်ရန်မှာ ပထမဦးစွာ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းသို့ ရောက်ရှိရန်ပင်ဖြစ်၏။ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရန်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ်အစီအစဉ်ကို ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစ၍ ပညာသင်နှစ်မစမီ ရက်သတ္တပတ်ကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြီး အမျိုးသားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုပညာသင်နှစ်၏ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၄ ခုနှစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ သတ်မှတ်ထားပြီး ဇွန် ၃ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် အခြေခံပညာ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများ တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ရာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် အတန်းစဉ် ကူးပြောင်းမှု၊ ပျက်ကွက်မှုမရှိစေရေးအတွက် အကောင်အထည်ဖော်ရာတွင် အသက်(၅)နှစ်အရွယ် ကလေးများအား KG (သူငယ်တန်း)သို့လည်းကောင်း၊ အသက်(၆)နှစ်အရွယ် ကလေးများအား ပထမတန်းသို့လည်းကောင်း စတင်ကျောင်းအပ်နှံ၍ ပညာသင်ကြားရန် ပြည်သူလူထုသို့ အသိပေးကြေညာလျက်ရှိသည်။

အလားတူပင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် "ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ခရိုင်အလိုက်၊ မြို့နယ်အလိုက်၊ ကျောင်းအလိုက် Media(သတင်းစာ၊ ဂျာနယ်၊ အင်တာနက်စာမျက်နှာ၊ ရေဒီယိုအသံလွှင့်ဌာနများ၊ Myanmar Education Channel ၊ SMS) များမှ တစ်ဆင့် စည်းရုံးလှုံ့ဆော် ဆောင်ရွက်လျက်ရှိသည်။

**ကလေးအားလုံး ကျောင်းသို့ရောက်ရှိ**
**အလေးထား ဆောင်ရွက်ပေးရန်လို**

မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ပြဋ္ဌာန်းထားပြီးဖြစ်ရာ ၎င်းဥပဒေတွင် "ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှုအခွင့်အလမ်းရရှိရေးအပါအဝင် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရန်" ဟု ဖော်ပြထားရှိသည့်အတွက် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းသို့ရောက်ရှိ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများကို ပညာရေးတွင် ပါဝင်ပတ်သက်သူ (stakeholders) များအားလုံးက အလေးထား ဆောင်ရွက်ပေးရန်လိုပေသည်။

ပညာသင်ကြားရမည့်အရွယ် ကလေးများ စာသင်ခန်းတွင်မရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိသွားပါက အတုမြင် အတတ်သင်ခြင်းဖြင့် မူးယစ်ဆေးဝါးများ သုံးစွဲတတ်လာခြင်း၊ အရွယ်မတိုင်မီ ဖို/မဆိုင်ရာ လိင်ကိစ္စများအပေါ် စိတ်ရောက်ရှိလာခြင်း၊ ဖုန်း၊ အင်တာနက် အစရှိသည့် လူမှုကွန်ရက်များကို အကျိုးရှိရှိ သုံးစွဲခြင်းမရှိဘဲ အတုမယူသင့်သည့် အရာများကို အတုယူသည့်အတွက် အရွယ်မတိုင်မီ လမ်းမှားရောက်တတ်ခြင်း၊ ဂိမ်းများ အလွန်အကြူး ဆော့ကစားခြင်း၊ လမ်းပေါ်တွင် တောင်းရမ်းစားသောက်၍ လေလွင့်နေခြင်း၊ အရွယ်မတိုင်မီ ကလေးအလုပ်သမားဘဝသို့ ရောက်ရှိလာခြင်း အစရှိသည့် မမျှော်မှန်းနိုင်သည့် ဆိုးကျိုးများကို ရင်ဆိုင်ကြုံတွေ့လာနိုင်ပေသည်။ ဤဖြစ်ရပ်များသည် ကလေးလူငယ်များအတွက်သာမက မိဘများ၊ ပတ်ဝန်းကျင်များ၊ ရပ်ရွာလူထုများနှင့် နိုင်ငံအတွက်ပါ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါသည်။

သို့အတွက်ကြောင့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးနှင့် ပညာသင်ယူခွင့်ရရှိရေးအတွက် ဆရာ၊ မိဘ၊ ရပ်ရွာလူထုတို့က ပူးပေါင်း၍ ကလေးများ ကျောင်းနေလာအောင် စည်းရုံးဆောင်ရွက်မှု၊ လှုံ့ဆော်မှု၊ အခက်အခဲများကို ဝိုင်းဝန်းအဖြေရှာ ဖြေရှင်းနိုင်မှုနှင့် ကူညီပံ့ပိုးမှု စသည့်လုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

ထို့အပြင် ကျောင်းနေမြဲရေးနှင့် ကျောင်းပညာပြီးဆုံးသည်အထိ ပညာသင်ယူနိုင်ရေးအတွက် အမြဲမပြတ် စည်းရုံးဆောင်ရွက်ခြင်း၊ ခေတ်နှင့်အညီ တိုးတက်မှုရှိရေး ဦးတည်ဆောင်ရွက်နေသည့် အခြေခံပညာရေးစနစ်၏ အကောင်အထည်ဖော်မှု အခြေအနေများကို မိဘများ သိရှိနားလည်ရန် အသိပညာပေးခြင်း၊ ကျောင်းပညာရေး အရည်အသွေး တိုးတက်မြင့်မားရေးအတွက် မိဘများ၏ ပံ့ပိုးမှုရရှိစေရန် စည်းရုံးဆောင်ရွက်ခြင်း၊ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံရန် လိုအပ်သည်များကို ရပ်ရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်း၊ အခက်အခဲရှိသော ကျောင်းသားစာရင်းကောက်ယူရေးနှင့် ကူညီပံ့ပိုးပေးနိုင်ရေးတို့ကို ဆရာ ဆရာမများ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးဆောင်များ၊ ရပ်မိရပ်ဖများက ရပ်ရွာအခြေပြု လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များနှင့်ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခြင်း အစရှိသည်တို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်သင့်ပေသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းနေအရွယ်ကလေးများ အခက်အခဲမရှိ ကျောင်းအပ်နှံ၍ အခြေခံပညာသင်ယူနိုင်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ နိုးကြားတက်ကြွစွာ ပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ကျောင်းအပ်နှံမှုများအား ကြည့်ရှုအားပေး

လွိုင်ကော် မေ ၂၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံခြင်းများကို စတင်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယမန်နေ့က လွိုင်ကော်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအပ်နှံမှုများကို ကြည့်ရှုအားပေးကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအပ်လက်ခံနေမှုများကို ကြည့်ရှုအားပေး၍ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျောင်းလာရောက်အပ်နှံလျက်ရှိသော ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ကျောင်းအုပ်ကြီးရုံးခန်း၌ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေး ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းများ လုံခြုံမှုရှိစေရေးနှင့် ကျောင်းများ ဥပမိရုပ်ခံ့ထည်မှုရှိစေရေး၊ ကျောင်းသုံးပရိဘောဂများ၊ ပုံနှိပ်စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေး ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း ပံ့ပိုးဖြည့်ဆည်းပေးစေလိုသည်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြနိုင်ကြောင်း ပြောကြားသည်။

ယင်းနောက် ဆရာ ဆရာမများက ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းများ ဖွင့်လှစ်ချိန် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဆောင်များ၊ စာသင်ခန်းများ၊ ကျောင်းသုံးပရိဘောဂများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်နယ် (ပြန်/ဆက်)

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာနှင့် ကညွတ်ကွင်းဘူတာအကြား ရထားလမ်း မိုင်တိုင်အမှတ် ၁၂၆/၇-၈ အတွင်း မိုင်းဖောက်ခွဲဖျက်ဆီးခံရသဖြင့် ရထားခရီးစဉ်များကြန့်ကြာမှုဖြစ်

နေပြည်တော် မေ ၂၄

**ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း ဖြူးမြို့နယ် ညောင်ပင်သာနှင့် ကညွတ်ကွင်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၆/ ၇-၈ ရှိ ပတ္တာရွာ ရထားလမ်းကူးအနီး သံလမ်းပေါ်တွင် ယနေ့နံနက် ၁ နာရီ ၄၂ မိနစ်ခန့်နှင့် ၂ နာရီ ၃ မိနစ်အချိန်ခန့်တို့တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။**



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းဖောက်ခွဲဖျက်ဆီးမှုကြောင့် ရန်ကုန် – မန္တလေး ရထားလမ်းပိုင်း၊ ညောင်ပင်သာနှင့် ကညွတ်ကွင်းဘူတာအကြား ရထားလမ်းပျက်စီးဆုံးရှုံးမှုအခြေအနေကို တွေ့ရစဉ်။

မိုင်းဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက နံနက် ၆ နာရီတွင် ရောက်ရှိလာပြီး နယ်မြေရှင်းလင်းစစ်ဆေးခဲ့ရာ လက်ရှိရထားပြေးဆွဲနေသည့် အဆန်လမ်းမှ အတွင်းသံလမ်းလေးပေခန့်ပြတ်ထွက်၍ ကွန်ကရစ်ဇလီဖားငါးတုံးခန့် ပျက်စီးပြီး၊ စီမံကိန်းဆောင်ရွက်လျက်ရှိသော အစုန်လမ်းမှ အတွင်းသံလမ်းလေးပေခန့်ပြတ်ထွက်၍ ကွန်ကရစ်ဇလီဖားငါးတုံးခန့် ပျက်စီးနေကြောင်းသိရှိရသဖြင့် ယနေ့နံနက် ၆ နာရီတွင် ညောင်ပင်သာနှင့် ကညွတ်ကွင်း ရထားလမ်းပိုင်းအား ခေတ္တပိတ်၍ လမ်းပိုင်းအချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေး မြန်မာ့မီးရထား တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

**လမ်းပိုင်းပြန်လည်ဖွင့်လှစ်**

အဆိုပါ မိုင်းဖြစ်စဉ်ကြောင့် အမှတ်(၁၁) အဆန် ရန်ကုန်-မန္တလေး လူစီးအမြန်ရထားသည် ကညွတ်ကွင်းသို့ နံနက် ၁၁ နာရီ ၄၇ မိနစ်အချိန် ရောက်ရှိပြီး မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ပြန်လည် ထွက်ခွာနိုင်သဖြင့် ကြန့်ကြာချိန် ၃၁ မိနစ်နှင့် အမှတ်(၁) အဆန် ရန်ကုန်-မန္တလေး စာပို့ရထားသည် ပဲနွယ်ကုန်းသို့ မွန်းလွဲ ၁၂ နာရီ ၈ မိနစ်အချိန် ရောက်ရှိပြီး မွန်းလွဲ ၁၂ နာရီ ၂၃ မိနစ်အချိန်တွင် ပြန်လည် ထွက်ခွာနိုင်သဖြင့် ကြန့်ကြာချိန် ၁၀ မိနစ် ဖြစ်ပေါ်၍ အမှတ်(၆၅၁)အစုန် ကျောက်ရထားသည် ဇေယျာဝတီဘူတာ၌ နံနက် ၆ နာရီ ၂၅ မိနစ်တွင် ရောက်ရှိရပ်နားထားရပြီး ဖြူးဘူတာမှ ယနေ့နံနက် ၆ နာရီတွင် ထွက်ခွာရန် အသင့်ရှိနေသော အမှတ်(၉၉၄) အစုန် သာစည် – ပုဇွန်တောင် ခရီးစဉ် ကုန်ရထားအား ခေတ္တစောင့်ဆိုင်းစေခဲ့ရပြီး လမ်းပိုင်းပြန်လည်ဖွင့်လှစ်သည့် အချိန်မှသာ စေလွှတ်နိုင်ခဲ့သည်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာနှင့် ကညွတ်ကွင်းဘူတာအကြား ရထားလမ်းပိုင်းအား ပြန်လည်ပြုပြင်နေမှုအခြေအနေကို တွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ ဖျက်ဆီးခြင်း ၂၀၆ ကြိမ်၊ ရထားတံတား/ သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း (၁၆၄) ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၄၂) ကြိမ် ကျူးလွန်ခဲ့ကြသည်။

**ကန့်ကွက်ရှုတ်ချလျက်ရှိ**

နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံ ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့်ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှု မရှိစေရေးနှင့် ရန်ကုန် – မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း နှောင့်နှေးကြန့်ကြာစေရန်အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုလဲမြို့ ရွာသစ်ကျေးရွာမှ ဒေသခံပြည်သူ ၂၂ ဦးအား PDF အယောင်ဆောင်၍ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ရွာသစ်ကျေးရွာမှ ဒေသခံပြည်သူ ၂၂ ဦး အား PDF အယောင်ဆောင်ထားသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များက မေ ၂၂ ရက် နံနက် ၉ နာရီ ခွဲခန့်တွင် ဝင်ရောက်ဖမ်းဆီးသွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများအား PDF အမည်ခံ အကြမ်းဖက်သမားများမှ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်များ ဆောင်ရွက်ပေးနေမှုအပေါ် ဒေသခံပြည်သူများ အထင်အမြင် လွဲမှားစေရန်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဂုဏ်သိက္ခာကျဆင်းစေရန် ပြည်ဖျက်မီဒီယာများမှ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေခြင်းသာ ဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာ တာဝန်များအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းများ လုပ်ဆောင်မှုမရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## MNL Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဖြစ် ရန်ကုန်-ရတနာပုံ၊ ရှမ်း-ဒဂုံစတား ယှဉ်ပြိုင်ရမည်

**ရန်ကုန် မေ ၂၄**

၂၀၂၄ MNL Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ဆင်မှု အားကောင်းကောင်း ပြုလုပ်ထားသည့် ရန်ကုန်ယူနိုက်တက်၊ ရှမ်းယူနိုက်တက်၊ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ရတနာပုံ၊ ဒဂုံစတားအသင်းတို့ တက်ရောက်လာသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မေ ၂၅ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ မေ ၂၆ ရက်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အုပ်စု (က) တွင် ပါဝင်ခဲ့ပြီး ပြိုင်ဘက်အားလုံးထက် ခြေစွမ်းပိုင်း၊ ကစားသမားအင်အားပိုင်း သာလွန်သဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်လာသည်။ ရတနာပုံအသင်းမှာမူ အုပ်စု(ဃ)မှ တက်ရောက်လာပြီး ယခုရာသီတွင် ကစားသမားသစ်အများစုဖြင့် ပြန်လည် တည်ဆောက်ခဲ့သော်လည်း ပုံစံကောင်း ပြသနိုင်ခဲ့ပြီး ဆီမီးဖိုင်နယ် တက်ရောက်လာခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းသည် အုပ်စု (ခ) မှ တက်ရောက်လာခြင်းဖြစ်ပြီး နောက်တစ်ဆင့်တက်ရန် နောက်ဆုံးပွဲအထိ ရုန်းကန်ခဲ့ရသော်လည်း ကစားသမားအင်အားနှင့် နိုင်ငံခြားသားကစားသမား ပါဝင်မှုအနေအထားအရ ဒဂုံစတားအသင်းထက် သာလွန်နေသည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားပြီး ပြီးခဲ့သည့်ရာသီက အမာခံကစားသမားအဖြစ် ပါဝင်ခဲ့သူအချို့ ပါဝင်ခြင်း မရှိသော်လည်း နည်းပြဦးမင်းထွန်းလင်း လက်ထက်တွင် ပုံစံကောင်း ဆက်ထိန်းထားဆဲဖြစ်သည်။

ဆီမီးဖိုင်နယ် တက်ရောက်လာသည့် လေးသင်းတွင် ရန်ကုန်နှင့် ဒဂုံစတားအသင်းက ရှုံးပွဲလုံးဝမရှိဘဲ တက်ရောက်လာခြင်းဖြစ်ပြီး ရန်ကုန်အသင်းမှာမူ အုပ်စုပွဲအားလုံး အနိုင်ရသည့် မှတ်တမ်းကောင်းကိုပါ ပိုင်ဆိုင်ခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-YUFC**



ဆီမီးဖိုင်နယ် တက်ရောက်လာသည့် ရန်ကုန်ယူနိုက်တက်အသင်း။

## မြန်မာအသင်းနှင့်ကစားမည့် ဂျပန်လက်ရွေးစင်အသင်းတွင် ဥရောပအခြေစိုက်ကစားသမားများ ပါဝင်လာ

**ရန်ကုန် မေ ၂၄**

၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုလက်ကျန်နှစ်ပွဲကို ဇွန်လအတွင်း ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂျပန်လက်ရွေးစင်အသင်းသည် မြန်မာ၊ ဆီးရီးယားအသင်းတို့နှင့်ပွဲများအတွက် လူစာရင်းထုတ်ပြန်ခဲ့ရာ ဥရောပအခြေစိုက်ကစားသမားများ ပါဝင်လာသည်။

ဂျပန်လက်ရွေးစင်အသင်းနည်းပြချုပ် မိုရီယာဆုသည် ကစားသမား ၂၆ ဦးစာရင်း ထုတ်ပြန်ခဲ့ရာ နာမည်ကြီးကစားသမားအစုံအလင် ပါဝင်လာခြင်းဖြစ်သည်။ ဂျပန်လက်ရွေးစင်အသင်းတွင် နာမည်ကြီးကစားသမားများဖြစ်သည့် အာဆင်နယ်အသင်းမှ တိုမီယာဆု၊ လီဗာပူးအသင်းမှ အန်ဒို၊ လာဇီယိုအသင်းမှ ကာမာဒါ၊ မိုနာကိုအသင်းမှ မီနာမီနို၊ ဆိုစီဒက်အသင်းမှ ကူဘို၊ ဖီယင်နုအသင်းမှ ယူအီဒါစသည့် ကစားသမားများ ပါဝင်လာသည်။ ဂျပန်လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု (ခ) တွင် မြန်မာ၊ မြောက်ကိုရီးယား၊ ဆီးရီးယားအသင်းတို့နှင့် ကျရောက်နေပြီး လေးပွဲကစားအပြီးတွင် လေးပွဲစလုံး အနိုင်ရရှိကာ နောက်တစ်ဆင့်တက်ရောက်ပြီးဖြစ်သည်။ သို့သော် ဂျပန်လက်ရွေးစင်အသင်းသည် အုပ်စုလက်ကျန်နှစ်ပွဲအတွက် လူစာရင်းထုတ်ပြန်ရာတွင် အမာခံကစားသမားအစုံအလင် ပါဝင်လာသည်။

ဂျပန်လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲများအဖြစ် ဇွန် ၆ ရက်တွင် မြန်မာအသင်းနှင့် အဝေးကွင်း၊ ဇွန် ၁၁ ရက်တွင် ဆီးရီးယားအသင်းနှင့်အိမ်ကွင်းကစားရမည်ဖြစ်သည်။ ဂျပန်အသင်းသည် မြန်မာအသင်းနှင့်တွေ့ဆုံသည့် အိမ်ကွင်းပထမအကျော့ပွဲတွင် ငါးဂိုးပြတ်အနိုင်ရထားသည်။

**ရဲရင့်လွင်**

## မြန်မာအမျိုးသမီးလိဂ်တွင် အား/ကာသိပ္ပံနှင့် သစ္စာအားမာန်အသင်း အမှတ်ခွဲယူ

**ရန်ကုန် မေ ၂၄**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၄) နောက်ဆုံးနေ့ကို မေ ၂၄ ရက်က စလင်းကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် သစ္စာအားမာန်အသင်း ဂိုးမရှိသရေကျခဲ့သည်။

ယခုရာသီတွင် ရုန်းကန်နေရသည့် သစ္စာအားမာန်အသင်းသည် လေးပွဲကစားပြီးချိန်ထိ နိုင်ပွဲမရသေးဘဲ ယခုပွဲတွင်လည်း သရေဖြင့်သာ ကျေနပ်ခဲ့ရသည်။ အား/ကာသိပ္ပံအသင်းသည် ဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နေသော်လည်း သစ္စာအားမာန်ကို သရေသာကစားနိုင်ခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် လင်းမြင့်မိုရ်၊ ရွှေရည်ထွန်း၊ မိုးမိုးသန်း၊ ဟေမာန်စိုးတို့ဖြင့် ပွဲထွက်လာသလို သစ္စာအားမာန်အသင်းကလည်း ဝင်းဝင်း၊ မြတ်နိုးခင်၊ ဝေဖူးအိမ်၊ မျိုးမြမြငြိမ်းတို့ဖြင့် လူစုံခဲ့သည်။ ပထမပိုင်းတွင် သစ္စာအားမာန်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

**ရဲရင့်လွင်**

## မန်စီးတီးနဲ့တွေ့တိုင်း ရလဒ်ဆိုးရွားမှုကို အက်ဖ်အေဖလားဖိုင်နယ်ပွဲမှာ မန်ယူ ချေဖျက်နိုင်မလား

ဘောလုံးချစ်ပရိသတ်တွေ မျှော်လင့်စောင့်စားနေတဲ့ အက်ဖ်အေဖလားပြိုင်ပွဲ နောက်ဆုံးဖိုင်နယ်ပွဲကို ဝင်ဘလေအားကစားကွင်း၌ မေ ၂၅ ရက် ည ၈ နာရီခွဲမှာ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ယခုနှစ်ရာသီ အက်ဖ်အေဖလားဖိုင်နယ်ပွဲကို မန်ချက်စတာမြို့ခံနှစ်သင်းဖြစ်တဲ့ မန်စီးတီးနဲ့ မန်ယူအသင်းတို့ တက်လှမ်းနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဘယ်အသင်းက ဖလားဆွတ်ခူးပြီး အောင်ပွဲခံသွားမလဲ စိတ်ဝင်စားဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။



ဟာလန်း (တိုက်စစ်)

| | | |
|---|---|---|
| ဒီရာသီပြိုင်ပွဲစုံ | - | ၄၄ ပွဲ |
| သွင်းဂိုး | - | ၃၈ ဂိုး |

မန်ချက်စတာစီးတီး

VS

မန်ချက်စတာ ယူနိုက်တက်

| အက်ဖ်အေဖလားဖိုင်နယ်ပွဲ | | |
|---|---|---|
| ၂၅-၅-၂၀၂၄ | စနေနေ့ ည ၈ နာရီ ခွဲ | |
| မန်စီးတီး | - | မန်ယူ |

| မန်စီးတီး၏ အက်ဖ်အေဖလားနောက်ဆုံးငါးပွဲ | | |
|---|---|---|
| မန်စီးတီး | ၅-၀ | ဟက်ဒါဖီးလ် |
| စပါး | ၀-၁ | မန်စီးတီး |
| လူတန် | ၂-၆ | မန်စီးတီး |
| မန်စီးတီး | ၂-၀ | နယူးကာဆယ် |
| မန်စီးတီး | ၁-၀ | ချယ်ဆီး |

| မန်ယူ၏ အက်ဖ်အေဖလားနောက်ဆုံးငါးပွဲ | | |
|---|---|---|
| ဝီဂန် | ၀-၂ | မန်ယူ |
| နယူးပို့သ် | ၂-၄ | မန်ယူ |
| နော့တင်ဟမ် | ၀-၁ | မန်ယူ |
| မန်ယူ | ၄-၃ | လီဗာပူး |
| ကိုဗင်ထရီ | ၃-၃ | မန်ယူ * |

* ပယ်နယ်တီဖြင့် မန်ယူအနိုင်ရ



ဖာနန်ဒက်စ် (ကွင်းလယ်တိုက်စစ်)

| | | |
|---|---|---|
| ဒီရာသီပြိုင်ပွဲစုံ | - | ၄၇ ပွဲ |
| သွင်းဂိုး | - | ၁၅ ဂိုး |

### မန်ချက်စတာစီးတီး အခြေအနေ

နည်းပြ ဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းက ရာသီပိတ်ပွဲစဉ်မှာ ဝက်စ်ဟမ်းကို အနိုင်ယူပြီး ပရီမီယာလိဂ်အမှတ်ပေးဖလားကို စံချိန်တင်ဆွတ်ခူးရရှိထားတယ်။ ဒ့ါပြင် မန်စီးတီးအသင်းက လက်ရှိမှာ ပြိုင်ပွဲအရပ်ရပ် ၃၅ ပွဲဆက် ရှုံးပွဲမရှိ မှတ်တမ်း ပိုင်ဆိုင်ထားတဲ့ အသင်းလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် တိုက်စစ်ကစားသမား ဟာလန်းရှိနေပြီး အက်ဖ်အေဖလားပြိုင်ပွဲမှာ သွင်းဂိုးငါးဂိုး သွင်းယူထားပါတယ်။ ပရီမီယာလိဂ်မှာလည်း သွင်းဂိုးအများဆုံး သွင်းယူထားသူ ဖြစ်ပါတယ်။ မန်စီးတီးအသင်းက ပြိုင်ဘက်အသင်းပေါ် ချဉ်းကပ်ပုံ မှန်ကန်မှု၊ အသင်းသားတွေရဲ့ နိုင်လိုစိတ်ပြင်းထန်မှု၊ ပွဲရလဒ်အဖြေကို အသင်းကစားသမားတိုင်း ပြောင်းလဲနိုင်စွမ်းရှိမှု စတာတွေကြောင့် ရလဒ်ကောင်းတွေ ဖန်တီးထားနိုင်တာ ဖြစ်ပါတယ်။

### မန်ယူ အခြေအနေ

နည်းပြ တန်ဟတ်ရဲ့ မန်ယူအသင်းက ရာသီပိတ်သိမ်းချိန်မှာ အဆင့် (၈) နဲ့ ပိတ်သိမ်းနိုင်ခဲ့လို့ ဥရောပဝင်ခွင့်မျှော်လင့်ချက် ဆုံးရှုံးထားပါတယ်။ ဒါကြောင့် မန်ယူက ယခု အက်ဖ်အေဖလားဖိုင်နယ်ပွဲမှာ မန်စီးတီးကို အနိုင်ယူပြီး ဖလားဆွတ်ခူးနိုင်ပါမှ ဥရောပဝင်ခွင့် ရရှိမှာ ဖြစ်ပါတယ်။

မန်ယူအသင်းမှာ စောင့်ကြည့်ရမယ့်ကစားသမားအဖြစ် ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်ရှိနေပြီး အက်ဖ်အေဖလားပြိုင်ပွဲမှာ သုံးဂိုး သွင်းယူထားနိုင်တယ်။ မန်ယူအသင်းက တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းမှာလည်း လိုအပ်ချက် များစွာရှိနေတယ်။ ဒ့ါပြင် မန်ယူအသင်းမှာ ပွဲရလဒ်အဖြေကို အချိန်မရွေး ပြောင်းလဲနိုင်စွမ်းရှိတဲ့ ကစားသမားထက် ဖြုန်းတီးပစ်တဲ့ကစားသမားက ပိုများပါတယ်။

### မန်စီးတီးနဲ့ မန်ယူ အခြေအနေ

မန်စီးတီးက မန်ယူအသင်းနဲ့ တွေ့ဆုံထားတဲ့ နောက်ဆုံးခုနစ်ကြိမ်မှာ ခြောက်ကြိမ်အထိ နိုင်ပွဲရရှိထားတယ်။ ဒီရာသီမှာလည်း မန်စီးတီးအသင်းရဲ့ တိုက်စစ်၊ ခံစစ်က မန်ယူအသင်းထက် သာလွန်မှုရှိတယ်။ မန်ယူအသင်းအနေနဲ့ ပုံမှန်ပွဲထွက်နေကျ အခင်းအကျင်းထက် သာလွန်တဲ့ အခင်းအကျင်းနဲ့အတူ အသင်းကစားသမားတွေ အဆုံးသတ်သေချာမှသာ မန်စီးတီးကို အပြန်အလှန်ထိုးဖောက်ကစားနိုင်ဖွယ်ရှိတယ်။ မန်စီးတီးနဲ့ မန်ယူက ယခင်နှစ်အက်ဖ်အေဖလားပြိုင်ပွဲဖိုင်နယ်ပွဲမှာ တွေ့ဆုံထားပြီး မန်စီးတီးအသင်းက အနိုင်ယူထားတယ်။ ဒါကြောင့် ဒီနှစ်အက်ဖ်အေဖလားမှာ မန်ယူအသင်းအနေနဲ့ ရှုံးကြွေးပြန်ဆပ်ကာ အက်ဖ်အေဖလားကို (၁၃) ကြိမ်မြောက် ဆွတ်ခူးသွားနိုင်မလား သို့မဟုတ် ရှုံးကြွေးထပ်တင်ကာ ဖလားဆွတ်ခူးခွင့် လွဲချော်သွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**■ မိုးဇက် - စုစည်းသည်**

## တောင်ငူပညာရေးဒီဂရီကောလိပ် တိုင်းရင်းသားဘာသာစာပေသင် ဆရာများအတွက် အရည်အသွေးမြှင့်တင်

**တောင်ငူ မေ ၂၄**
ပဲခူးတိုင်းဒေသကြီး တောင်ငူ ပညာရေးဒီဂရီ ကောလိပ်၌ တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမများအတွက် ဆရာ အတတ်ပညာ အရည်အသွေးမြှင့် အထောက်အကူပြု ဆွေးနွေးခြင်း ကို မေ ၂၁ ရက်က ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမှာစကား ပြောကြားပြီး တောင်ငူပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ဝင်းသိင်္ဂီကျော်က ကျင်းပရ ခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

အရည်အသွေး မြှင့်တင်မှုဆိုင်ရာ ဆွေးနွေးခြင်းကို မေ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ်၊ စာရိတ္တ နှင့် ပြည်သူ့နီတိ၊ ဘာသာစကား သင်ပြနည်း၊ နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်၊ပညာရေးသဘောတရား နှင့် ဘဝအတွက်တာ ကျွမ်းကျင် စရာဘာသာရပ်များကို ဆွေးနွေး ပို့ချသွားမည်ဖြစ်ကာ ရှမ်း၊ ကရင် နှင့် ချင်းတိုင်းရင်းသားဘာသာ စာပေသင် ဆရာ ဆရာမ ၃၂ ဦး တက်ရောက် ဆွေးနွေးလျက်ရှိ ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာဟောပြောပွဲ ကျောက်မဲခရိုင်၌ကျင်းပ

**သီပေါ မေ ၂၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သစ်တောဦးစီးဌာနအနေ ဖြင့် ဒေသအတွင်း အပူရှိန်လျှော့ချရေးအတွက် သစ်တောသစ်ပင်များ စနစ်တကျစိုက်ပျိုးရေးကို စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိရာ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာ အသိ ပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက ကျောက်မဲမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပ သည်။



ဟောပြောပွဲတွင် ကျောက်မဲခရိုင် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက သစ်တောများနှင့် ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးဆိုင်ရာများ၊ သီပေါမြို့နယ် သစ်တောဦးစီးဌာန မှူး ဦးသိန်းကိုက သစ်တောနှင့် ဇီဝမျိုးကွဲများ၊ ရေဝေရေလဲဒေသ များ ထိန်းသိမ်းရေး၊ နမ္မတူမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးသက်ပိုင် ဇော်မိုးက သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးကို ဟောပြော ကြရာ ကျောင်းသား ကျောင်းသူများက ပြန်လည်မေးမြန်းဆွေးနွေး ကြသည်။

ဆက်လက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သစ်ပင်ချစ်သူဝါသနာရှင်များကို ကျောက်မဲမြို့မ ပျိုးဥယျာဉ်တွင် ပျိုးထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပုံ၊ သစ်မျိုးအလိုက် အသုံးဝင်ပုံ များနှင့် ပျိုးထောင်ထားရှိမှုအခြေအနေများကို ပျိုးဥယျာဉ်တာဝန်ခံ တောအုပ်ကြီး ဦးအေးထူးက လက်တွေ့ရှင်းလင်းပြသသည်။

ထို့နောက် စာသင်ကျောင်းများတွင် စိုက်ပျိုးရန် ရတနာတန်းဝင် ကျွန်း၊ ခရေ၊ ကံ့ကော်၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ပျဉ်းကတိုး၊ ချယ်ရီ၊ ခါတော် မီ၊ မဲဇလီ၊ မဟော်ဂနီ စသည့်ပျိုးပင်ပေါင်း ၅၀၀ ကျော်ကို ပညာရေး ဌာနသို့ ခရိုင်သစ်တောဦးစီးမှူးနှင့် တာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။ စိုင်း(သီပေါ)

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၂၄-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံး နေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | မြင်းမူ | ၄၀.၈ | ၁၀၅.၄ |
| ၂။ | မန္တလေး | ၄၀.၃ | ၁၀၄.၅ |
| ၃။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၀.၃ | ၁၀၄.၅ |
| ၄။ | ဟုမ္မလင်း | ၄၀.၂ | ၁၀၄.၄ |
| ၅။ | ဇောင်းတူ | ၄၀.၁ | ၁၀၄.၂ |
| ၆။ | မိုးမိတ် | ၄၀.၀ | ၁၀၄.၀ |
| ၇။ | ရွှေဘို | ၄၀.၀ | ၁၀၄.၀ |
| ၈။ | ခန္တီး | ၃၉.၂ | ၁၀၂.၆ |
| ၉။ | မုံရွာ | ၃၉.၂ | ၁၀၂.၆ |
| ၁၀။ | မြင်းခြံ | ၃၉.၀ | ၁၀၂.၂ |

## နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ ၂၄-၅-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | နေပြည်တော် | ၃၇.၂ | ၉၉.၀ |
| ၂။ | ရန်ကုန် | ၃၁.၈ | ၈၉.၂ |
| ၃။ | မန္တလေး | ၄၀.၃ | ၁၀၄.၅ |



ကျောင်းအပ်နှံရေးသီတင်းပတ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းများ၌ ကျောင်းအပ်လက်ခံလျက်ရှိရာ နေပြည်တော် ပျဉ်းမနားမြို့ အခြေခံပညာမူ/လွန်(ရွာကောက်) ကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီချိုနှင့် ဆရာ ဆရာမ များ မေ ၂၃ ရက်က ကျောင်းအပ်လက်ခံဆောင်ရွက်စဉ်။
သူဇာလှိုင်(ပညာရေး)


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၃၅ ကျပ် | ၂၄၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၈၅ ကျပ် | ၂၄၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၂၅ ကျပ် | ၂၇၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၃၅ ကျပ် | ၂၈၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၇၀၀ | ၂၁၂ | ၁၈၄၁၇၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၁၂၇၂ | ၃၆၂၂၄၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၂၃၉၄၇ | ၃၇၀၇၄၅၅၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁၀၅၀၀ | ၂၇၈၂၅၀၀၀ |
| EFR | ၁၆၅၀ | ၁၇၀၀ | ၁၆၉ | ၂၇၉၂၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၅ | ၂၃၅၀၀ |
| MAEPC | ၂၃၀၀ | ၂၃၀၀ | ၁၄၅၈ | ၃၃၄၃၄၀၀ |

## ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ အထက (ကျုံကဒွန်း) မှ Grade-8 ကျောင်းသူ မဆုရည်ဖြိုး (၁၄/ဖပန(နိုင်)၃၀၁၃၄၈) ၏ ဖခင် အမည်မှန်မှာ ဦးဆန်းအောင် (၁၄/ဖပန(နိုင်)၁၀၀၅၈၃) ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၉-၂၀၂၃)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၃၀) ပါ ရွှေဘိုမြို့၊ အမှတ် (၁)ရပ်ကွက်၊ ပျဉ်ဈေးမြောက်ရပ် ဒေါ်သူဇာဖူးညွန့်မှ ဘိုးဘွားပိုင်အမည်ပြောင်း လျှောက်ထားသည့် ဦးပိုင်အမှတ် (၄၄ဃ)၊ ဧရိယာ ၀.၀၉၈ ဧက အစား (၄၄ဃ) ဧရိယာ ၀.၀၈၉ ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဦးစိုးဝင်းနှင့်အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၅၂)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးစိုးဝင်းထံမှ ကျွန်တော် ဦးအောင်မျိုးမင်းသည် အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် ရောင်းချသူမှ ဝယ်ယူသူ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၃၁-၅-၂၀၂၄) နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အားချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးစိုးဝင်းနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးမင်း**
**အကွက်(ပပ-၂၈)၊ (ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၄၃၀၅၉၆၇၈**

## မွေးသက္ကရာဇ်မှန်

(ဘ)ဦးဖိုးထိန်၏သား မိုင်းယန်းမြို့၊ ကျိုင်းဟင်ရပ်ကွက်နေ ဦးနိုင်ဝင်း ၁၃/မယန (နိုင်) ၀၀၉၅၈၃ ၏ မွေးသက္ကရာဇ် အမှန်မှာ ၄-၈-၁၉၈၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/6808,Mercedes Benz, SL(4X2) ယာဉ်လက်ဝယ်ရှိသူ ဦးအိဒ္ဒိမြလှ ၁၂/ဒဂန(နိုင်)၀၂၇၆၇၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/42191, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မိတ္ထီလာ)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၁/၁၈၉၊ နောင်ရိုး (၂) လမ်းနေ မောင်မင်းကျော်ကျော် ၁၂/ဒဂရ(နိုင်) ၀၄၁၅၃၅ ၏ဖခင် ဦးအောင်ထွေးလှိုင် (ခ) ဦးကျော်ထွေးလှိုင် ၁၄/အမန(နိုင်) ၁၉၉၃၆၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ မွန်ပြားချောင်းကျေးရွာနေ ဦးသိန်းဆောင်၏ သမီး မစန္ဒာအေး ၅/ကနန(နိုင်)၁၁၀၂၆၈ ၏ နိုင်ငံကူးလက်မှတ် နံပါတ် MI – 515334 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၀၆၉၃၀၉၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက်အမှတ်(ဥ-၇၄၁၈) ဒေါ်ခင်ချိုဝင်း (ဘ) ဦးလွန်း ၁၃/တကန(နိုင်)၀၄၅၀၉၆ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ခင်ဥမ္မာ (ဘ) ဦးလွန်း ၉/မနမ(နိုင်)၀၂၃၆၅၂ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ် ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

(ဘ)ဦးဖိုးဝိုင်း၏သမီး၊ ကျိုင်းတုံမြို့၊ နောင်ကုန်ကျေးရွာနေ မသက်ရည်နှင်း၏ အမည်မှန်မှာ မနန်းသက်ရည်နှင်း ၁၃/ကတန(နိုင်)၁၇၈၂၇၃ ဖြစ်ပါကြောင်း။

**မနန်းသက်ရည်နှင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/10465, Yamaha FZ 150 ယာဉ်လက်ဝယ်ရှိသူ ဦးဘုန်းကျော် ၅/ပလန(နိုင်)၀၀၅၄၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/81699, Honda Scoopyi 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၅/ကနန(နိုင်)၀၅၇၆၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(မုံရွာ)**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၅-၂၀၂၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၅)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်သက်သက်မွန်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် မြေတိုင်းရပ်ကွက်အမှတ်(ရှမ်းတဲကြီး)၊ မြေကွက်အမှတ်(၄၈၄)အစား မြေတိုင်းရပ်ကွက်အမှတ်(ရှမ်းတဲကြီး)၊ မြေကွက်အမှတ်(၄၈၄)၊ အမှတ်(၂)လမ်းမကြီး၊ ရှမ်းတဲကြီးအောက်ကျေးရွာဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၄၅၆၅၅ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၅/ကဘလ(နိုင်)၀၇၄၆၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(ရွှေဘို)**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ချမ်းသာကြီး(အလက)ကျောင်း Grade-6 မှ မောင်ပြည့်ဖြိုးဇော်၏ မိဘအမည်မှန်မှာ ဦးမောင်ဇော်နှင့် ဒေါ်ခိုင်ဝါဦး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ ဈေးတန်း (၂)ရပ်ကွက်နေ မလားတန်ဇွာလေး၏ ဖခင် ဦးလားဒေါမာ၏ အမည်မှန်မှာ ဦးလားဒုအောမာ ၅/တမန(နိုင်)၀၆၂၉၁၈ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဇော်ဂျီကွက်သစ် (နယ်မြေ-၁)နေ ဦးဝေယံနိုင် ၁၃/ရစန(နိုင်)၁၀၄၇၂၅ ၏သား အထက (ဗထူး)ကျောင်း KG မှ မောင်ဉာဏ်လင်းခန့်အား ယနေ့မှစ၍ မောင်ထွဋ်အယ်ရှိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထွဋ်အယ်ရှိန်း**

## အမည်ပြောင်း

တောင်ငူမြို့၊ ကောင်းမှုတော်ရွာသစ်ကျေးရွာနေ ဦးဆန်းလင်းဦး၏သမီး မချစ်လွန်းကမ္ဘာဦးအား ယနေ့မှစ၍ မချစ်လွန်းဝတီထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မချစ်လွန်းဝတီထက်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6U/8542,Honlei-250 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၉/မလန(နိုင်)၁၅၉၅၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တာချီလိတ်)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အင်ကြင်းလမ်းတွင် နေထိုင်သည့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန်းသန်းတင့် ၅/မရန(နိုင်)၀၃၇၄၁၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းတင့်၏သမီးဖြစ်သူ မကြည်ဖြူထွန်း(ခ) သက်မှူးနွယ် ၅/မရန(နိုင်)၂၅၄၇၃၇ မှာ မိဘများအားစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန် အကြိမ်ကြိမ် ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း၊ နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွယ်သွယ်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၈၄/၁၈)**
**ဈေးလမ်း၊ ဘုရားကြီးရပ်၊ မုံရွာမြို့၊ ဖုန်း-၀၉-၇၆၄၂၁၂၉၀၄**

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး



# အရှေ့တောင်အာရှ ဂျူနီယာချန်ပီယံရှစ် ကြက်တောင် အသက် ၁၅ နှစ်အောက်နှင့် ၁၇ နှစ်အောက် အာရှလူငယ်ချန်ပီယံရှစ် အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာက ရွှေတံဆိပ်တစ်ခုစီ ဆွတ်ခူးရရှိထား

**ရန်ကုန် မေ ၂၄**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ မေ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှ ဂျူနီယာချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲ ၂၀၂၄ (Badminton Asia South East (U-17&U-15) Mixed Team & Individual Event 2024) ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ကြက်တောင်အားကစားအဖွဲ့သည် အသက် ၁၅ နှစ်အောက်နှင့် ၁၇ နှစ်အောက် အာရှလူငယ် ချန်ပီယံရှစ် အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာက ရွှေတံဆိပ်ဆုတစ်ခုစီ ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အရှေ့တီမောနိုင်ငံတို့နှင့် ယှဉ်ပြိုင်ခဲ့ရာ အသက် ၁၅ နှစ်အောက်နှင့် အသက် ၁၇ နှစ်အောက် ပြိုင်ပွဲတိုင်းတွင် မြန်မာအသင်းသည် ပွဲပြတ်များဖြင့် အနိုင်ရရှိကာ ရွှေတံဆိပ်ဆုကို နှစ်သင်းစလုံး ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။

အာရှဂျူနီယာချန်ပီယံရှစ် ကြက်တောင် ပြိုင်ပွဲ အသက် ၁၇ နှစ်အောက်ပြိုင်ပွဲ၌ မြန်မာအသင်းတွင် ဟိန်းသီဟအောင်၊ ဉာဏ်ရှိန်လင်း၊ လင်းလင်းထက်၊ ရှန်လမိန်းနှင့် အသက် ၁၅ နှစ်အောက်တွင် မြင့်မြတ်လင်း၊ အုပ်စိုးခန့်၊ သဒ္ဒါနိထက်ကျော်၊ ယွန်းသက်ထားမောင်တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာကြက်တောင်အားကစားသမား များသည် မေ ၂၄ ရက်မှ ၂၆ ရက်အထိ တံခွန်စိုက်ဖလားပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **အာကာစိုး**

# ပုသိမ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ပုသိမ် မေ ၂၄**

၂၀၂၄ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို "သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" ခေါင်းစဉ်ဖြင့် အသိပညာပေးစကားဝိုင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ကျင်းပရာ ဆက်စပ်ဌာနများမှ လူဦးရေ ၃၀ တက်ရောက်ကြသည်။

စကားဝိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်လင်းအောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးအရာရှိ ဒေါ်ချိုမာထွန်းတို့က သဲကန္တာရဖြစ်ထွန်းစေသည့် အကြောင်းရင်းများ၊ သဲကန္တာရဖြစ်ထွန်းခြင်းကြောင့် ပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေးအပေါ် သက်ရောက်နိုင်မှုများ၊ သဲကန္တာရဖြစ်ထွန်းလာမှုနှင့် မိုးခေါင်မှုကို ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များကို တက်ရောက်လာသူများနှင့် ပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**


စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားဖို့ ဘာကြောင့်လိုအပ်တာလဲ?

စားသုံးဆီများတွင် အခြေခံအားဖြင့်

(၁)ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့် မပြည့်ဝဆီများ (Saturated Fats)

(၂)တတ်နိုင်သမျှလျှော့၍ စားသုံးသင့်သည့် ပြည့်ဝဆီများ (Unaturated Fats) နှင့်

(၃)လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ (Trans fat) ဟူ၍ (၃)မျိုးရှိပါသည်။

- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သောသွေးတွင်းအဆီဓါတ် (HDL) တို့ကို မြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါ စသည့် မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကို လျှော့နည်းစေပါသည်။ (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် မကောင်းသောသွေးတွင်းအဆီဓါတ်များ (LDL) လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်း တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ- စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများ)
- အသွင်ပြောင်းဆီသည် အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ် ပါဝင်သော်လည်း အများစုမှာပင်းသီးဟင်းရွက်ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်ဆီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသောဆီများတွင် ပါဝင်သည်။ သွေးတွင်းမကောင်းသော အဆီများ (Triglycerides) ပိုမိုမြင့်တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီ (HDL) ကိုကျစေခြင်းဖြင့် အဝလွန်ခြင်း၊ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂)ဆီးချိုရောဂါနှင့် အချို့သောကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်မားစေခြင်း တို့ကိုဖြစ်စေနိုင်သည်။ (ဥပမာ - အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများ တွင် ပါဝင်သည့်ဆီ)

ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည် ဖြစ်ပါသည်။


မပြည့်ဝဆီ


ပြည့်ဝဆီ


အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား (၁) WHO, Healthy diet factsheets. (accessed as of 10.6.2020)

(၂) MAYO CLINIC. Dietary facts: Know which types to choose. (accessed as of 10.6.2020)

(၂၀၂၄ခုနှစ်မေလ)

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဝယ်ယူမည့် (၈၀/၁၀၀) ကတ္တရာ (၃၁၁.၉၆၅) တန်၊ (၆၀/၇၀) ကတ္တရာ (၁၀၆.၁၉)တန်နှင့် ရေရောကတ္တရာ (၁၃.၈၄)တန်အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စတိုအရောက်ဈေးနှုန်းဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့် နေ့ရက်/အချိန်** - ၂၇-၅-၂၀၂၄ရက်မှ ၉-၆-၂၀၂၄ရက်အထိ (ရုံးချိန်အတွင်း)

**တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန်** - (၁၀-၆-၂၀၂၄)ရက်နေ့ (၁၆:၃၀)

**တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊

**တင်ဒါဖွင့်လှစ်မည့်နေ့ရက်** - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၀၃၇၁၂၅၀၇သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အမည်ပြောင်း

စစ်တွေမြို့၊ပြည်တော်သာရပ်ကွက်၊ စံရိပ်ငြိမ် ဝန်ထမ်းအိမ်ရာနေ ဦးကျော်မိုးနှင့် ဒေါ်အေးမြင့်တို့၏ သားကြီး မောင်ကောင်းမြတ်သုတအား မောင်ကောင်းခန့်ကျော်ဇောဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းခန့်ကျော်ဇော**

## ဖခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အထက (ခွဲ) ပန္နတ် Grade-9 မှ မောင်မြတ်ဘုန်းစံနှင့် မောင်ဘုန်းမြတ်စံ တို့၏ ဖခင်အမည်မှန်မှာ ဦးထွေး ၇/ဒဥန(နိုင်)၁၂၈၆၃၄ ဖြစ်ပါကြောင်း။

## အမည်မှန်

မိတ္ထီလာမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ Grade-3 တွင် ပညာသင်ကြားမည့် မောင်ထက်အောင်မင်းအား မောင် အောင်မင်းထက်ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်နှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးသူရ ၉/ပမန(နိုင်)၁၆၆၀၂၉ ဖြစ်ပါကြောင်း။

**မောင်ထက်အောင်မင်း ၊ ဦးသူရ**

## အမည်ပြောင်း

မိတ္ထီလာမြို့၊ အမှတ် (၁၁)၊ အခြေခံပညာအထက်တန်းကျောင်း (အလယ်ရွာ)မှ Grade-3 တွင် ပညာသင်ကြားမည့် ဦးထွန်းမြတ်သူ ၉/မထလ(နိုင်)၂၆၉၉၁၁၏သမီး မမေသက်ထွန်းအား မညိမ်းစုချိဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မညိမ်းစုချိ**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ ကညံ့ရပ်ကွက်၊ အကွက်အမှတ် (၅၄)၊ အကွက်အမည် ကညံ့အကွက်၊ ဦးပိုင်အမှတ် (၂၂)၊ မြေဧရိယာ (၀.၁၆၉)ဧကအနက်မှ မြေဧရိယာ (၀.၁၃၄)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ရတနာမာန်အောင်လမ်း

(ခ) အနောက်လားသော် - လမ်း

(ဂ) တောင်လားသော် - ဦးပိုင်အမှတ် (၂၈)

(ဃ) မြောက်လားသော် - အာဇာနည်လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်/မြေပိုင်အခွင့်အရေး ရရှိထားသောမြေအမည်ပြောင်း) ပေးရန် ဒေါ်ရှုလိမ်ပါ (၃)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဇွန်လ ၁၉ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ ဆင်ခေါင်းကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၆၆၄(က)/ဆင်ခေါင်းမြောက်)၊ ဦးပိုင်အမှတ်(၂၄-ခ)၊ မြေဧရိယာ ၁၁၁မ၅၀ဧကရှိ မြေအား ဂရန် အမှုတွဲအမှတ် (၄၀၆/၂၀၁၅-၂၀၁၆)အရ ၂၉-၆-၂၀၁၂ရက်မှ ၂၈-၆-၂၀၂၂ရက်အထိ ဒေါ်အေးမြင့်ကြည် အမည်ဖြင့် (၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပြီး ၂၈-၆-၂၀၂၂ရက်တွင် သက်တမ်းကုန်ဆုံးခဲ့ပါသဖြင့် ဒေါ်အေးမြင့်ကြည်အမည်ဖြင့် သက်တမ်းတိုးဆောင်ရွက်နေပြီဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါ သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်တွင် တည်ရှိသော ကွင်းအမှတ် ၇၉၇ (ရွာထောင်အရှေ့)၊ မြေကွက်အမှတ် (က-၁၈၃/င-၂၅)၊ ဃ-၁၃၊ ဃ-၁၄၊ ဃ-၁၅၊ ဃ-၁၆) ဝိုင်းမြေကွက်များကို ၂-၂-၂၀၂၄ရက်တွင် ဒေါ်နီလာဝင်းမှ ဦးမောင်နိုင်သို့ အပြီးအပိုင်ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးမောင်နိုင် အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ စာရွက်စာတမ်း အပြည့်အစုံ နှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမောင်နိုင်(ဘ)ဦးကျော်သိန်း**
**၉/သစန(နိုင်)၁၁၁၅၄၀**
**နီလာရပ်ကွက်၊ စစ်ကိုင်းမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ပြည်ခရိုင်တရားရုံးတော်
### ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂

| | | |
|---|---|---|
| အာရှစိမ်းလမ်းမှုဖွံ့ဖြိုးရေးဘဏ် လီမိတက် | **နှင့်** | ၁။ ဦးအောင်ဇော်မိုး<br>၂။ ဒေါ်နှင်းသူဇာထက် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ကွက်သစ်ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ် (၁၉)နေ တရားပြိုင် ဦးအောင်ဇော်မိုးနှင့် ဒေါ်နှင်းသူဇာထက်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို အာရှစိမ်းလမ်းမှုဖွံ့ဖြိုးရေးဘဏ်က "ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ပေးအပ်ပေါင်နှံပြီး ဘဏ်မှချေးယူထားသည့် ဘဏ်ချေးငွေတိုးရင်းပေါင်း ကျပ်-၂၆၅၉၂၂၈၉.၀၅ (ကျပ်နှစ်ရာ ခြောက်ဆယ့်ငါးသိန်း ကိုးသောင်း နှစ်ထောင်နှစ်ရာ ရှစ်ဆယ့်ကိုးကျပ် ငါးပြား)ရလိုမှု"ကို လျှောက်ထားတရားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၇)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ (၁၆) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေကဆုန်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပြည်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃/ကမာရွတ်)၊ ၂၆၊ ၂၈(သမိုင်း)၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မြေကွက်အမှတ်-၆/ခ၊ ၇/က၊ ၈/က၊ ၁၃/က၊ ၁၄/က၊ ၄၉/က/၁၊ ၄၉/ခ/၁၊ ၄၉/ဃ/၁၊ ၅၃/က၊ ၁၊ ၂/က၊ ၃/က/၁၊ ၈/က/၂၊ အိမ်အမှတ် ၁၀၃/၄၊ (Parami Valley Residence)အတွင်းရှိ အခန်းအမှတ် C3-506၊ (၁၀)လွှာ၊ ဧရိယာ (၁၂၀၄ စတုရန်းပေ) ကျယ်ဝန်းသော ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို Myanmar Imperial Vega Co.,Ltd. (ကိုယ်စား) ဒေါ်ဟေမာန်မင်းမော် ၇/တငန(နိုင်) ၁၄၃၀၃၇)က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်အေးလှိုင် (၁၄/ဟသတ(နိုင်)၀၂၈၂၆၁)၊ ဦးတင်ထွန်းအောင် (၁၂/လမတ(နိုင်) ၀၃၃၆၄၃)နှင့် ဦးဘုန်းမြင့်မြတ် (၁၂/မရက(နိုင်)၁၉၁၀၀၁)တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးလှိုင်၊ ဦးတင်ထွန်းအောင်နှင့် ဦးဘုန်းမြင့်မြတ်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၅၈၂)**
**အမှတ် (၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၇)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (RAI/ကွက်ပြင်ရပ်)၊ မြေယာအမှတ် (67)၊ ဦးပိုင်အမှတ် (၆-ဓ)၊ မြေဧရိယာ (၀.၁၆)ဧကရှိမြေအား ဂရန်အမှုတွဲအမှတ် (၇၈၉/၁၉၉၅-၁၉၉၆)အရ ဦးကျော်မောင်နှင့် ဒေါ်ခင်သိန်းတို့အမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်ရရှိခဲ့ပါသည်။ ဦးကျော်မောင်သည် (၁၀-၅-၁၉၉၉) ရက်တွင်လည်းကောင်း၊ ဒေါ်ခင်သိန်းသည် ၃၀-၁၀-၂၀၁၃ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ပြီး သမီးဖြစ်သူ ဒေါ်ထိုက်နန္ဒာကျော်မှ ၉-၈-၂၀၂၃ရက်တွင် ပြင်ဦးလွင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် စာချုပ်အမှတ် (၁၄၄/၂၀၂၃)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် စာချုပ်ပြီး အမည်ပြောင်းရန် ဆောင်ရွက်နေပြီဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မြေယာပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အမွေစားအမွေခံသမီးအဖြစ်မှစွန့်လွှတ်ကြောင်းအသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ရွှေဟသ်ာအရှေ့နယ်မြေ၊ မဟာမေဃဝန်လမ်းနေ ကျွန်မ ဒေါ်မြသန်း ၇/ပမန(နိုင်)၀၄၂၆၃၆ မှ အောက်ပါအတိုင်း အသိပေးကြေညာပါသည်-

ကျွန်မ၏ ခင်ပွန်း ဦးမြင့်ဆွေ ကွယ်လွန်ပြီး သမီးအရင်း(၅)ဦးနှင့် ကျန်ရစ်ခဲ့ပြီး အကြီးသမီးများ(၄)ဦးတို့ အသီးသီး အိမ်ထောင်ကျခဲ့ပြီး အငယ်ဆုံး မထူးအိသဉ္ဇာ ၇/ပမန(နိုင်)၂၀၀၈၇၇ သည် ၈-၃-၂၀၂၄ရက်တွင် အိမ်ထောင်ကျပါသည်။ အိမ်ထောင်ကျသည့်ရက်မှစ၍ မထူးအိသဉ္ဇာသည် မိခင်နှင့် အစ်မများ၊ ဆွေမျိုးများအားနေ့စဉ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန်နှင့် ၎င်း၏ခင်ပွန်းသည်လည်း ရိုင်းပြစွာ ဆဲဆိုတိုင်းထွာခြင်းများဖြင့် အကြိမ်ကြိမ်အခါခါ ကျူးလွန်ခြင်းတို့ကြောင့် ယနေ့မှစ၍ မထူးအိသဉ္ဇာအား အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စအဝဝမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကျွန်မနှင့် ကျန်မိသားစုများနှင့် လုံးဝ (လုံးဝ) မသက်ဆိုင်တော့ ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

**ဒေါ်မြသန်း (၇/ပမန(နိုင်)၀၄၂၆၃၆)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/18150,Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးသူရမောင်မောင် ၁၄/ဟသတ (နိုင်) ၃၂၃၃၄၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၅-၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၃)ပါ အယူခံမှုဆိုင်ရာချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့အကြောင်းကြားစာ မွန်ပြည်နယ် တရားလွှတ်တော် ကြော်ငြာတွင်

သီရိဝေ
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
မွန်ပြည်နယ်တရားလွှတ်တော်
အစား
**(သီရိဝေ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မွန်ပြည်နယ်တရားလွှတ်တော်**
ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ ၂၂)
### တောင်ကြီးမြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၉

| | | |
|---|---|---|
| ဒေါ်ဝေဝေလွင် | **နှင့်** | ဦးတင်မောင်ဝေ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

(NYHE 124273)၊ အမှတ် (၃၄/၉၄)၊ ရပ်ကွက် (၅)၊ မူလတန်းကျောင်းရပ်၊ အေးသာယာမြို့နေသူ တရားရှုံး ဦးတင်မောင်ဝေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၄ နှစ်၊ တရားမကြီးမှုအမှတ် - ၁၁ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူဒေါ်ဝေဝေလွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၄ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၁၃ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်သို့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၂၃ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## မိခင်အမည်မှန်

ပျော်ဘွယ်မြို့၊ သပြေပင်အုပ်စု၊ သပြေပင်ကျေးရွာ၊ အမက၊ သပြေပင်ကျောင်းမှ မကေကေ (G-4)၏ မိခင်အမည်မှန်မှာ ဒေါ်တရုတ်မ ၉/ပဘန(နိုင်) ၁၉၀၇၁၉ ဖြစ်ပါကြောင်း။

**ဒေါ်တရုတ်မ**

## အမည်ပြောင်း

ပျော်ဘွယ်မြို့နယ်၊ ကုက္ကိုခါးလှ ကျေးရွာတွင် နေထိုင်သည့် (ဘ) ဦးသန်းထိုက်၏သမီး၊ ရန်အောင်မြို့ အထက (၄) Grade-4 မှ မခင်ဖုန်းသော်အား ယနေ့မှစ၍ မထက်နေခြည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်နေခြည်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/6173 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ် (၂၃၈)၊ တဖက္ကာကွင်း၊ ဦးပိုင်အမှတ် (၁၁)၊ မြေဧရိယာ ၀.၁၁၀ဧကသည် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏(၂-၅-၂၀၁၄)ရက်စွဲပါ စာအမှတ် ၁၃၃/၄/၁-၁၂/ခရအ(မြိတ်)အရ ဦးမောင်ဝင်း အမည်ဖြင့် အိမ်ရာမြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန် (အသစ်)လျှောက်ထားနိုင်ရေး ဦးမောင်ဝင်း ၆/မအရ(နိုင်)၂၀၈၂၇၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ရေယာဉ်ပိုင်ရှင် အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော "လင်းမြတ်ကျော်- ၇" အမည်ရှိ မြိတ်ခရိုင်ငါးဖမ်းရေယာဉ်(ရေယာဉ်မှတ်ပုံတင်အမှတ်၊ FMD/0035/14)ရေယာဉ်၏ တန်ချိန်-၂၅.၇၂ အား ဂရန်အမည် ပေါက်ပိုင်ရှင်ဖြစ်သော ဦးမင်းနိုင်ဦး ၆/မအရ(နိုင်)၀၂၃၆၂၂ အမည်မှ ဦးရန်နိုင် (၆/တသရ(နိုင်)၀၁၅၉၀၇) အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း ၃၀အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက် နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

